မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၂၁)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ အင်္ဂါနေ့။

## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# နိုင်ငံတော်သမ္မတဦးသိန်းစိန် တူရင်မြို့တွင်းကြည့်ရှုလေ့လာ



**တူရင် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် တူရင်မြို့ရှိ ဗာနားရီးယားနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဗာနားရီးယားနန်းတော်ကို ၁၆၇၅ ခုနှစ်တွင် တူရင်မြို့အနီး ဗာနားရီးယားရေးလီတွင်တည်ဆောက်ခဲ့ပြီး တော်ဝင်ဧည့်ဂေဟာ တစ်ခုအဖြစ် ထင်ရှားသည်။ ၁၉၉၇ ခုနှစ်တွင် UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် တော်ဝင်ဧည့်ဂေဟာများအနက် တစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ စတင်၍ ကမ္ဘာလှည့်ခရီးသွားများနှင့် အများပြည်သူတို့ကို ကြည့်ရှုလေ့လာခွင့်ပြုခဲ့သည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အရှေ့တိုင်းအနုပညာပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် အာရှတိုက်နိုင်ငံများ၏ ယဉ်ကျေးမှုအနုပညာပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

တူရင်မြို့၏ ပလာဇိုမက်ဇိုနစ်အရပ်တွင် တည်ရှိပြီး အီတလီနိုင်ငံ၏ နာမည်ကျော် အရှေ့တိုင်းအနုပညာလက်ရာပစ္စည်းများကို စုဆောင်းပြသထားသော ပြတိုက်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၄* ❇

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့ရှိ ဗာနားရီးယားနန်းတော်အား ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)



သင်၏ ထုပ်ပိုးမှု လှပ၊ တောင့်တင်း၊ ခိုင်မာစေဖို့ EURO DUPLEX BOARD ကို သုံးကြစို့

EURO DUPLEX BOARD
အားသာချက်များ
✓ High Brightness
✓ High White
✓ Good Surface
✓ Good Hardness
✓ Golden Back




GREAT INTERNATIONAL CO., LTD.
E-mail : gicfishery@gmail.com
(Yangon)
09-73106111
09-73106222
09-73106333
09-73160003
WIN PAPER (Mandalay)
09-73160005
02-36122
02-24490

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### သန့်ရှင်းသောသောက်သုံးရေရရှိရေးအလေးပေး

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟူသော စကားအတိုင်း နွေရာသီကာလများအတွင်း ကျေးလက်နှင့်မြို့ပြ ဆင်ခြေဖုံးများ၌ ရင်ဆိုင်ရသော ပြဿနာတစ်ရပ်မှာ ရေရှားပါးပြတ်လပ်မှု ပင်ဖြစ်ပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများသည် ကန်ရေ၊ ချောင်းရေနှင့် တွင်းရေတို့ကို အဓိကအားပြုအသုံးပြု နေကြရပါသည်။ နွေရောက်ပြီဆိုလျှင် ကန်ချောင်းများအတွင်း ရေခန်းခြောက်လာသည့်အလျောက် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်ကြရလေ့ရှိပါသည်။

သို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်ပအဖွဲ့အစည်းနှင့် စေတနာရှင် အလှူရှင်များပူးပေါင်းကာ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေး နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး (၅)နှစ်စီမံကိန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀ -၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ရေရရှိရေး နှစ်(၂၀)စီမံကိန်းများ ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အပူပိုင်းဇုန် တိုင်းဒေသကြီးသုံးခုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၈၇ ရွာတွင် ရေရရှိရေးလုပ်ငန်း ၈၇ ခုကို JICA ဖြင့် ပူးပေါင်း၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ခုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၃၁၆ ရွာတွင် ရေရရှိရေးလုပ်ငန်း ၃၃၆ ခုကို UNICEF ဖြင့် ပူးပေါင်း၍ လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၇၄၀၂ ရွာတွင် ရေရရှိရေး လုပ်ငန်း ၈၁၇၁ ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရမည်ဟု နိုင်ငံတော်က ရည်မှန်းထားပါသည်။ သန့်ရှင်းသော သောက်သုံးရေဟုဆိုရာတွင် ရောဂါအညစ်အကြေးပိုးမွှားများနှင့် သတ္တုဓာတ်များကင်းစင်သည့် ရေချိုရေကောင်းများဖြစ်ပါသည်။ သို့သော် အချို့သော တူးဖော်ပြီးသည့် အဝီစိတွင်းများသည် ရေငန်များသာထွက်၍ သောက်သုံးရန်ရေထက် သုံးရေအဖြစ်သာ သုံးနိုင်သည့်အနေ အထားဖြစ်ပါသည်။ အမှန်မှာ ရေချိုရေကောင်း ရရှိအောင် တူးဖော်ပေးနိုင်မှသာလျှင် ကျေးလက်ရေရရှိရေး အစီအမံသည် ပြည်သူများအတွက် အမှန်တကယ်ထိရောက်မှုရှိနိုင်မည်ဖြစ်သည်။ ရေချိုထွက်သော အဝီစိတွင်းများတွင်လည်း ပြည်သူလူထု အမှန်တကယ်အသုံးပြုနိုင်အောင် ကျေးရွာတာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်သင့်ပါသည်။ သို့ပါ၍ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေသုံးစွဲနိုင်ရန် အလေးထားဆောင်ရွက်သွားကြမည်ဆိုလျှင် ရေရှားပါးမှုပြဿနာကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ လျှော့ချနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

# နိုင်ငံသားများအကြား ဒီမိုကရေစီအလေ့အထ၊ ကျင့်စဉ်များထွန်းကားရန် အသိပညာပေးမှုများလိုအပ်

ရန်ကုန် အောက်တိုဘာ ၂၀

**ရန်ကုန်မြို့ Sule Shangri-La ဟိုတယ်၌ အောက်တိုဘာ ၁၈ ရက် ညနေက Friedrich Naumann Foundation က Southeast and East Asia's "Freedom Week" အထိမ်းအမှတ်အဖြစ် ကျင်းပသော SIM Democracy Board Game စတင်မိတ်ဆက်ခြင်းအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး တက်ရောက်ချီးမြှင့် အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက SIM Democracy Board Game သည် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံ၊ လူ့အသိုက်အဝန်းတစ်ခုတွင် အစိုးရနှင့် နိုင်ငံသားများ၏ အခန်းကဏ္ဍများကို အများပြည်သူလူထု သိရှိနားလည်အောင် ရိုးရှင်းလွယ်ကူသော ဂိမ်းကစားနည်းမျိုးဖြင့် အသိပညာပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လူငယ်များ၏ စိတ်ပါဝင်စားမှုကို ဆွဲဆောင်နိုင်ရန် စီစဉ် ဆောင်ရွက်ထားပါကြောင်း၊ ဒီမိုကရေစီသည် လူသားများ၏ အခွင့်အရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း စသည့် တန်ဖိုးများ၏အခြေခံဖြစ်သည်ကို ကမ္ဘာကြီး၏ အခြေအနေများက သက်သေပြလျက်ရှိပါကြောင်း။

သို့ရာတွင် တိုင်းတာသောပေတံ၊ စံနှုန်းများအပေါ်တွင်မူတည်ပြီး နိုင်ငံတစ်နိုင်ငံ၏ နောက်ခံနိုင်ငံရေး ဓလေ့များအရကျင့်သုံးသည့် ဒီမိုကရေစီပုံစံအမျိုးမျိုးရှိနိုင်ကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ လူသားများ၏ပင်ကိုအသိ၊ ဆင်ခြင်နိုင်စွမ်း၊ စည်းကမ်းလိုက်နာနိုင်မှု၊ ကိုယ်ကျင့်တရားစသည့် တန်ဖိုးများနှင့် တည်ဆောက်ရယူခြင်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီသည် အဆိုပါ နိုင်ငံအတွင်း၌နေထိုင်သော နိုင်ငံသားများ၏ ဒီမိုကရေစီရင့်ကျက်မှုအပေါ်လိုက်၍ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုများရှိပါကြောင်း၊ မိမိတို့ နိုင်ငံသားများအကြားတွင် ဒီမိုကရေစီ အလေ့အထများ၊ ကျင့်စဉ်များ ထွန်းကားရန်အတွက် ဒီမိုကရေစီနှင့်ပတ်သက်သော အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောက်ရှိနိုင်ရန် လိုအပ်ကြောင်း။

ယခု SIM ဒီမိုကရေစီကစားနည်းကဲ့သို့ အသိပညာပြန့်ပွားလွယ်သော အစီအစဉ်များကိုလုပ်ဆောင်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အပြောင်းအလဲတွင် ပြည်သူများ နိုးကြားစွာ ပါဝင်လာရန်များစွာ အထောက်အကူ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသားများအကြား ဒီမိုကရေစီအလေ့အထများ ထွန်းကားစေမည့် အစီအစဉ်များကို ကြိုဆိုလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဥရောပသံအမတ်ကြီး မစ္စတာ Roland Kobia နှင့် FNF အရှေ့တောင်နှင့် အရှေ့အာရှဆိုင်ရာ ဒါရိုက်တာ မစ္စတာ Siegfrled Herzog တို့က အဖွင့်အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ FNF အဖွဲ့ဝင်တစ်ဦးက အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များကို SIM ဒီမိုကရေစီကစားနည်းကို မိတ်ဆက်သရုပ်ပြသသည်။ ယင်းအဖွဲ့အစည်းသည် ယခုအစီအစဉ်ကို ကမကထပြုလုပ် ဆောင်ရွက်ပေးရုံသာမက မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေး မတိုင်မီ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သောအဖွဲ့အစည်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




## မြန်အောင်မြို့နယ်၌ တိုင်းရင်းဆေးဝါးများ အခမဲ့ကွင်းဆင်းကုသ

**မြန်အောင် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စု တံတားကွင်းကျေးရွာရှိ ဒေသခံများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော စေတနာပန်းခင်း ဆေးခန်းတွင် အောက်တိုဘာ ၁၇ ရက်က ဒေသခံ ၄၅ ဦးကို တိုင်းရင်းဆေးဝါးများဖြင့် တိုင်းရင်းဆေးဌာနမှ တာဝန်ရှိသူများက အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်းသိရသည်။

**နေဝင်းဇော် (မြန်အောင်)**

## ချယ်ရီကူးတို့ရေယာဉ်သုံးစင်း တင်ဆောင်သည့်သင်္ဘော ဂျပန်နိုင်ငံမှ စတင်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၀**

ဂျပန်နိုင်ငံအစိုးရ(JICA)၏ အကူအညီအထောက်အပံ့ဖြင့် ဟီရိုရှီးမားမြို့ နာကာတာနီလွှန်းကျင်း၌ အသစ်တည်ဆောက်ခဲ့သော ရန်ကုန်မြစ်တွင်းသွား "ချယ်ရီ"ကူးတို့ ရေယာဉ်သုံးစင်း တင်ဆောင်သည့် ရေယာဉ်တင်သင်္ဘော "MV Paula"သည် အောက်တိုဘာ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံမှ စတင်ထွက်ခွာလာခဲ့ပြီဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ကြန့်ကြာမှု များမရှိပါက သီလဝါဆိပ်ကမ်းသို့ အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ပို့ဆောင်ရေး)**

## အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသင်တန်းကျောင်း၌ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးအမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းကျောင်းတွင် စီးပွားရေးဆိုင်ရာဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် နိုင်ငံတော် သမ္မတ၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ်ဒေါက်တာဦးမြင့်က "Privatization; Promises and Perils" (ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း၊ မျှော်လင့်ချက်နှင့် အန္တရာယ်များ) ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး ပဉ္စမထပ်ရှိ ညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၀၁-၂၅၀၈၇၁၊ ၃၇၁၂၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွှေကြေးစည် မှ ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)
တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ (၂)ညအိပ် Nov 1, 4 အပတ်စဉ်သောကြာ
▲ တောင်ကြီး၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ၊ မြစိမ်းတောင်နှင့် ပတ္တမြားဂူဘုရားများ
အင်း၊လေး၊ဖောင်တော်ဦး။ ရေပူစမ်း။ ပင်း၊တယရွှေဥမင်၊ ကုံလုံ၊မြင်းမထိဂူ၊ ကလောနီ၊ဘုရား၊(၅)ရက်
▲ ပုဂံ၊ ပုပ္ပါး။ စွယ်တော်လေးဆူ၊ ပခုက္ကူ(၄)ရက်။ ဆက်၍-မန္တလေး။ ပြင်ဦးလွင်အနီ(၅)ရက်
ဖုန်းဆိုးတန်း: 01-240860/372290 ဒေါ်ပုံ 09-49282825,09-73494339,09421029191

Pleasant Times
Travels & Tours Co.,Ltd
Release Your stress with Pleasant Times
တောင်ကြီး - မီးပုံးပျံပွဲတော် (Nov:5)
ပုဂံ - ပုပ္ပါး - စွယ်တော်လေးဆူ - ပခုက္ကူ (Nov:5)
မန္တလေး - ပြင်ဦးလွင် - မီးပုံးပျံပွဲတော် (Nov:5)
ငွေဆောင် (Nov:7)
ပြည် - အကောက်တောင်(နေ့ချင်းပြန်) (Oct:25)
သထုံ - မဲလံတောင် - ဇင်းကျိုက်(နေ့ချင်းပြန်) (Oct:25)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း အမေရိကန် ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် ဦးဆောင်သောအဖွဲ့ အား တွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် မစ္စတာ ဂျက်ဖ်ဖရီအင်မက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးသိန်းလွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးကြည်သာ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး အမေရိကန်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချဲလ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် မစ္စတာ ဂျက်ဖ်ဖရီ အင်မက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

## နယူးဇီလန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၂၀**

ဗန်ကောက်မြို့တွင်အခြေစိုက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာနယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာအန်တိုနီဂျွန်လင့်ချ်၏နေရာတွင် ရန်ကုန်မြို့ရှိ နယူးဇီလန်သံရုံးတွင် သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသည့် မစ္စတာ ဘရစ်ရာတာရှတ်ပတ်အား ရန်ကုန်မြို့တွင်အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘရစ်ရာတာရှတ်ပတ်အား ၁၉၆၅ ခုနှစ် မတ်လ ၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဝိဇ္ဇာဘွဲ့(ဂုဏ်ထူးတန်း)အား မက်ဆီတက္ကသိုလ်မှရရှိခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ နယူးဇီလန်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသံရုံးနှင့် အဖွဲ့ရုံးများ၊ နယူးဇီလန်ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့၊ ဂျီနီဗာရှိ ကုန်သွယ်ရေးဗဟိုဌာနတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။ ၎င်းသည် လက်ရှိအချိန်တွင် ရန်ကုန်မြို့ရှိ နယူးဇီလန်နိုင်ငံသံရုံးတွင် သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။

**(သတင်းစဉ်)**

## မြန်မာနှင့် ဘရူနိုင်းနှစ်နိုင်ငံအကြား ၁၄ ရက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ရရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးတိုးမြှင့်စေရန် ဆန္ဒရှိကြသည်ဖြစ်၍လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ခရီးသွားရာတွင် လွယ်ကူစေရန်လည်းကောင်း၊ နှစ်နိုင်ငံအစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများကို (၁၄)ရက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သံတမန်လမ်းကြောင်းမှ တစ်ဆင့်လဲလှယ်ခဲ့ပြီး ၎င်းနားလည်မှုစာချွန်လွှာသည် (၁-၉-၂၀၁၄) ရက်နေ့တွင် အတည်ပြုအသက်ဝင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးလေဝသ အခြေအနေ**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။**

# မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် သားငါးများ ဖူလုံစွာစားသုံးနိုင်မည့်အပြင် မိသားစုအပိုဝင်ငွေရရှိ

နေပြည်တော် အောက်တိုဘာ ၂၀

**တောင်ကြီးမြို့၌ရောက်ရှိနေသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ပြည်နယ်စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းကာ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် လမ်းအရှည် ၆ မိုင် ၄ ဖာလုံရှိသည့် ရွာသစ်- ဟိုနား- ဘန့်ပိန်း-ကုန်းသာ ကျေးရွာချင်းဆက်ကျောက်ချောလမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေနှင့် လမ်း၏ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာရှိ သာသနဝိသုဒ္ဓိပရိယတ္တိစာသင်တိုက်၌ ဘန်းယဉ်၊ နားခိုက်၊ တဘက်၊ တောင်ရှေ့၊ ဘန့်ဘွီး၊ နောင်မွန်၊ နောက်ကျော၊ ပုံးအင်း၊ လွယ်ပွတ်၊ ပါလောပါကယ်ကျေးရွာအုပ်စုများနှင့် ကျောက်တလုံးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေလျာထားသုံးစွဲမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ပြင် ကျေးရွာတိုင်းကျေးရွာတိုင်းကလည်း ပတ်ဝန်းကျင်ကျေးရွာများ၏ ဖွံ့ဖြိုးနေမှုများကိုအတုယူ၍ မိမိတို့ကျေးရွာများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း။

ထို့ပြင် တစ်ပိုင်တစ်နိုင် တစ်အုပ်တစ်မ မွေးမြူရေးလုပ်ငန်းများကို မိမိတို့ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်သည့် သားငါးများဖူလုံစွာစားသုံးနိုင်မည့်အပြင် မိသားစုအပိုဝင်ငွေကိုလည်း တိုးတက်ရရှိစေသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေပါကြောင်း။

ထို့အတူ ဒေသခံပြည်သူများ အနေဖြင့် မိမိရပ်ရွာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန် ကြိုးစားဆောင်ရွက်ရမည့်ကိစ္စများရှိသကဲ့သို့ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လောင်းကစားမှုများပြုလုပ်ခြင်းတို့ကို အထူးသတိထား ရှောင်ကြဉ်ကြရမည်ဖြစ်သောကြောင့် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လောင်းကစားမှုများ ကင်းရှင်းပပျောက်ရေးတို့ကို ပြည်သူတစ်ဦးချင်းစီမှစ၍ ပြည်သူအားလုံးကပါ ကြိုးစားကြစေရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘန်းယဉ်၊ နားခိုက်၊ တဘက်၊ တောင်ရှေ့၊ ဘန့်ဘွီး၊ နောင်မွန်၊ နောက်ကျော၊ ပုံးအင်း၊ လွယ်ပွတ်၊ ပါလောပါကယ်ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၂၉ ရွာနှင့် ကျောက်တလုံးမြို့နယ်တို့၏ ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းလိုအပ်ချက်များ၊ သောက်ရေလှောင်ကန်နှင့် အဝီစိတွင်းများတူးဖော်နိုင်ရေး၊ ဆိုလာယူနစ်ဖြင့် အိမ်တိုင်းစေ့မီးရရှိရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး သက်ကြီးဘိုးဘွားများအတွက် အဝတ်အထည်များနှင့် လူငယ်လူရွယ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကွင်းဆင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် တိလောကျေးရွာရှိ ရှမ်းရိုးမမွေးမြူရေးဇုန်၌ ဇုန်အတွင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် ရှမ်းရိုးမမွေးမြူရေးဇုန်မှ ကိုယ်စားလှယ် ဦးစိုင်းလုံက မွေးမြူရေးဇုန်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့အတူ ပတ်ဝန်းကျင်ကျေးရွာများရှိ မွေးမြူရေးလုပ်ငန်းရှင်များကလည်း နို့စားနွား၊ အသားစားနွား၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်နှင့် ငါးမွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ကြုံနေရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Operation and Maintenance of hydropower Stations သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ International Centre for hydropower(ICH)တို့ ပူးပေါင်းဖွင့်လှစ်သည့် "Operation and Maintenance of hydropower Stations" သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက အဖွင့်အမှာစကားပြောကြားပြီး နော်ဝေနိုင်ငံ International Centre for hydropower (ICH)မှ Managing Director Mr.Tom Solberg က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ နော်ဝေနိုင်ငံ International Centre for hydropower (ICH)မှ Managing Director Mr.Tom Solberg နှင့်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနမှ သင်တန်းသား ၂၅ဦးတက်ရောက်ခဲ့ပြီး သင်တန်းအား လေးရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## ဖူးခက်ကမ်းလွန်၌ စက်လှေနှစ်စင်းတိုက်မိ တောင်ကိုရီးယားနိုင်ငံသားနှစ်ဦး ပျောက်ဆုံးနေ

**ဟောင်ကောင် အောက်တိုဘာ ၂၀**

ထိုင်းနိုင်ငံ ဖူးခက်ကမ်းလွန်ပင်လယ်ပြင်၌ မော်တော်ဘုတ်တစ်စင်းနှင့် ငါးဖမ်းစက်လှေတစ်စင်းတိုက်မိခဲ့ရာ တောင်ကိုရီးယားနိုင်ငံသားနှစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး တရုတ်နိုင်ငံသားခရီးသွား ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖူးခက်ရှိ တရုတ်ကောင်စစ်ဝန်ရုံးက ပြောခဲ့သည်။

ဒဏ်ရာရရှိသူများကို ဒေသတွင်းဆေးရုံငါးရုံသို့ ပို့ဆောင်ထားခဲ့ကြောင်း၊ ၎င်းတို့အနက် ငါးဦးမှာ အရေးပေါ်ကုသမှုပြုလုပ်နေရဆဲ ဖြစ်သော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။

အလှဘုရင်မ အမည်ရှိမော်တော်သည် တနင်္ဂနွေနေ့ညနေပိုင်းက ဖီဖီကျွန်းမှ ဖူးခက်သို့ဦးတည်လာစဉ် ငါးဖမ်းစက်လှေနှင့် တိုက်မိကာ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။ ယင်းမော်တော်ဘုတ်ပေါ်တွင် နိုင်ငံခြားသားခရီးသွား ၃၇ ဦးပါရှိရာ တရုတ်၊ တောင်ကိုရီးယားနှင့် အချို့အနောက်နိုင်ငံများမှ ဖြစ်ကြသည်။ ပျောက်ဆုံးနေသူများကို ရှာဖွေနေဆဲဖြစ်ပြီး အဆိုပါမော်တော်ဘုတ်နစ်မြုပ်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဒေသရဲအရာရှိက ပြောခဲ့သည်။ **(ဆင်ဟွာ)**

## ပါကစ္စတန်အနောက်တောင်ပိုင်း၌ ယာဉ်တိုက်မှု ၁၀ ဦးသေ၊ ၂၃ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၀**

ပါကစ္စတန် အနောက်တောင်ပိုင်း ဟပ်ဘ်ဒေသ၌ ခရီးသည်တင်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ တနင်္လာနေ့ နံနက်ပိုင်းက တိုက်မိရာ ၂၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

ခရီးသည် ၃၅ ဦးပါ ခရီးသည်တင်ကားသည် ကွတ်တာမြို့မှ မောင်းနှင်လာစဉ် နိုင်ငံအနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ် ဟပ်ဘ်ဒေသ၌ ကုန်တင်ကားနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ရုပ်သံလိုင်းတစ်ခုက ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှု၌ ခုနစ်ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့ပြီး အခြားသူများမှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအနက် ငါးဦးမှာ စိုးရိမ်ရသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း ဆရာဝန်များက ပြောသည်။

ယခု ယာဉ်တိုက်မှုသည် ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။

ခရီးသည်တင်ကားမှာ တရားဝင်သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းလာခဲ့ပြီး မြူနှင်းများကျနေခဲ့ရာ မြင်ကွင်းမရှင်းလင်းသောကြောင့် ဖြစ်ခဲ့ရကြောင်း ဒဏ်ရာရရှိသူများက ဆိုသည်။ **(ဆင်ဟွာ)**

## နယူးဇီလန် ကွင်းန်စ်တောင်းတွင် တွေ့ရှိခဲ့သော ရုပ်အလောင်းမှာ ပျောက်ဆုံးဟောင်ကောင်အမျိုးသမီးဖြစ်နိုင်

**ဝယ်လင်တန် အောက်တိုဘာ ၂၀**

တောင်ပိုင်းကျွန်းစု၏ နှင်းလျှောစီးမြို့တော် ကွင်းန်စ်တောင်းတွင် ဩဂုတ်လက ပျောက်ဆုံးသွားခဲ့သော ဟောင်ကောင်အမျိုးသမီးဟု ယူဆရသည့် လူသေအလောင်းတစ်လောင်းကို နယူးဇီလန်ရဲများ ရှာဖွေတွေ့ရှိခဲ့ကြောင်း နယူးဇီလန်အသံလွှင့်ဌာနမှ တနင်္လာနေ့က ထုတ်လွှင့်ခဲ့သည်။

သေဆုံးသူအလောင်းကို အမဲလိုက်မုဆိုးများက နာမည်ကျော် တောလမ်းဘေးတွင် သောကြာနေ့က တွေ့ရှိခဲ့ကြောင်း အစီရင်ခံစာအရ သိရှိရသည်။ ဩဂုတ် ၂၂ ရက်ကတည်းက ပျောက်ဆုံးသွားသော အမျိုးသမီးမှာ အသက် ၆၃ နှစ်ရှိ ကမ္ဘာလှည့်ခရီးသွားကွေ့ရင်ဝှမ်ဖြစ်မည်ဟု ရဲများကယုံကြည်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲ ခရစ်ဘလက်ခ်ဖို့ဒ်က နယူးဇီလန်အသံလွှင့်ဌာနကို ပြောကြားခဲ့သည်။

ဂျီစီဟုလူသိများသောဝှမ်မှာ ကွင်းန်စ်တောင်းမြို့သို့ ဩဂုတ် ၁၈ ရက်က ရောက်ရှိခဲ့ပြီး ဩဂုတ် ၂၃ ရက်က ၎င်း၏အိမ်သို့ပြန်ခဲ့သည်ဟု ယူဆရသော်လည်း အမှန်စင်စစ်တွင်မူ သူသည် လေယာဉ်ပေါ်သို့ တက်ရောက်ခဲ့ခြင်းမရှိပေ။ သံသယဖြစ်ပွားဖွယ်ရာအခြေအနေ လုံးဝမတွေ့ရကြောင်း ရဲများကပြောခဲ့ပြီး ရုပ်အလောင်းကို သေမှုသေခင်း စုံစမ်းစစ်ဆေးရေးအရာရှိထံသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

# စစ်ဘက်နှင့် နိုင်ငံရေးနယ်ပယ်မှမဟုတ်သော မစ္စတာဝီဒိုဒို ပထမဆုံးသော အင်ဒိုနီးရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို

**ဂျကာတာ အောက်တိုဘာ ၂၀**



ဇူလိုင်လ အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသော ဂျိုကိုဝီဒိုဒိုသည် အရှေ့တောင်အာရှဒေသ နိုင်ငံတစ်နိုင်ငံ၏ ခေါင်းဆောင်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဂျိုကိုဝီဟု လူသိများသည့် အသက်၅၃ နှစ်အရွယ် ဝီဒိုဒိုသည် ဂျကာတာမြို့ ပါလီမန်၌ အင်ဒိုနီးရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တ်တို့ တက်ရောက်ခဲ့ကြသည်။

ဂျကာတာ အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဝီဒိုဒိုသည် စစ်ဘက်နှင့် နိုင်ငံရေးနယ်ပယ်မှ မဟုတ်သော ပထမဆုံးသော အင်ဒိုနီးရှားသမ္မတဖြစ်လာသည်။

ကျမ်းသစ္စာကျိန်ဆိုပြီးနောက် မစ္စတာဝီဒိုဒိုသည် ဒုတိယသမ္မတ ယူဆွဖ်ကာလာနှင့်အတူ မြင်းစီး၍ ဂျကာတာရှိ သမ္မတနန်းတော်သို့ သွားရောက် လည်ပတ်လိမ့်မည်ဟု ဆိုသည်။

တနင်္လာနေ့ညပိုင်းတွင် ၎င်းအား နန်းတော်၌ အထူးတီးဝိုင်းဖြင့် ကြိုဆိုရန် စီစဉ်ထားသည်ဟု ဆိုသည်။ ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဝန်ထမ်း ၂၄၀၀၀ ကို လုံခြုံရေးတာဝန် ဖြန့်ကြက်ချထားသည်။

တနင်္ဂနွေနေ့က မစ္စတာဝီဒိုဒိုသည် ရာထူးမှ စွန့်လွှတ်ထွက်ခွာသွားတော့မည့် ခေါင်းဆောင် ဆူစီလိုဘန်ဘန်းယူဒိုယိုနိုနှင့် သမ္မတနန်းတော်၌ တွေ့ဆုံခဲ့သည်။ မစ္စတာဝီဒိုဒိုသည် သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက် ပရာဘိုဝိုဆူဗြာတိုအား အနိုင်ရပြီး သမ္မတဖြစ်လာခဲ့ခြင်း ဖြစ်သည်။

**(ဘီဘီစီ)**

# ဂျပန်အမျိုးသမီး ဝန်ကြီးနှစ်ဦး ရာထူးမှနုတ်ထွက်



**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်တရားရေးဝန်ကြီး မီဒိုရီ မက်ဆူရှီးမားသည် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ယူကိုအိုဘူချီ နုတ်ထွက်သွားပြီး နာရီပိုင်းအကြာ နုတ်ထွက်သွားကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မစ္စမတ်ဆုရှီးမားသည် ရွေးကောက်ပွဲဥပဒေများကို ဆန့်ကျင်သည်ဟု စွပ်စွဲခံခဲ့ရသည်။ မစ္စအိုဘူချီသည် နိုင်ငံရေးဆိုင်ရာ ထောက်ပံ့ရေးအဖွဲ့များနှင့် အခြားသောလှူဒါန်းမှုများမှရရှိသည့် ရန်ပုံငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။

အဆိုပါဝန်ကြီးနှစ်ဦး နုတ်ထွက်မှုသည်အစိုးရအဖွဲ့အတွင်း အမျိုးသမီးဝန်ကြီးများကို ခန့်ထားပေးရန်လိုလားနေသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအတွက် ထိခိုက်နစ်နာမှုတစ်ရပ်ဖြစ်ကြောင်း သတင်းထောက်များက ပြောသည်။

အသက်လေးဆယ်အရွယ် မစ္စအိုဘူချီသည် ပြီးခဲ့သည့်လတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဝန်ကြီးအဖွဲ့ကို အပြောင်းအလဲလုပ်ခဲ့သည့် အမျိုးသမီးဝန်ကြီးငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၎င်းသည် အနာဂတ်တွင်ဝန်ကြီးချုပ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းခံရသူဖြစ်သည်။

သို့သော်လည်း လွန်ခဲ့သော သီတင်းပတ်တွင် ၎င်း၏ဝန်ထမ်းအဖွဲ့က ဒေါ်လာထောင်နှင့်ချီ၍ အလွဲသုံးစားမှုပြုလုပ်သည်ဟု စွပ်စွဲခံနေရသည်။

မစ္စတာရှင်ဇိုအာဘေး၏ အဓိကရည်မှန်းချက်များဖြစ်သည့် ဂျပန်စီးပွားရေး ပြန်လည်နလန်ထူရေးနှင့်အမျိုးသမီးကဏ္ဍမြှင့်တင်ရေးတွင် အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် တောင်းပန်ပါကြောင်းဖြင့် မစ္စအိုဘူချီက ပြောသည်။

**(ဘီဘီစီ)**



# ကာ့ဒ်တိုက်ခိုက်ရေးသမားများ ကိုဘာနီမြို့ရှိ အိုင်အက်စ်အဖွဲ့များကို ပြန်လည်တိုက်ထုတ်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၀**

အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးသည် အီရတ်နိုင်ငံ ရှီးယိုက်ဘာသာရေးအဆောက်အအုံ၌ ဗုံးဖောက်ခွဲခဲ့ရာ အနည်းဆုံး ၁၈ ဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်အနောက်ဘက် ကြွယ်ဝချမ်းသာသော ဟာသီယာဒေသရှိ အသုဘ အခမ်းအနားတစ်ခုတွင် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တပတ်ကလည်း အလားတူ တိုက်ခိုက်မှုများကြောင့် လူဒါဇင်ပေါင်းများစွာသေဆုံးခဲ့ရသည်။ ဤကဲ့သို့ တိုက်ခိုက်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်ပြီး အိုင်အက်စ်စစ်သွေးကြွများကို ပြစ်တင်ဝေဖန်လျက်ရှိကြသည်။

ဆီးရီးယားနှင့် အီရတ်တို့ကို ထိန်းချုပ်ထားသော အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံ ကိုဘာနီမြို့အား ဝိုင်းရံထားသော ကာ့ဒ်တိုက်ခိုက်ရေးသမားများကို ရက်သတ္တပတ်လုံး တိုက်ခိုက်နေ သည်။

ယခု ရက်သတ္တပတ်အစောပိုင်းက ကိုဘာနီမြို့ရှိ ကာ့ဒ်တိုက်ခိုက်ရေးသမားများက ၎င်းတို့သည် အစ္စလာမ်စစ်သွေးကြွများကို ပြန်လည်တိုက်ခဲ့ကြောင်း ပြောခဲ့သည်။

သို့သော်လည်း အိုင်အက်စ်စစ်သွေးကြွများသည် ရက်သတ္တပတ်ကျော်ကြာ အဆိုပါမြို့ကို ပြန်လည်သိမ်းပိုက်ရန် သိသိသာသာပင် အင်အားဖြည့်တင်းလျက်ရှိသည်။

ကာ့ဒ်တပ်မှူးများက ၎င်းတို့သည် အစ္စလာမ်စစ်သွေးကြွများကို ပြန်လည် တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြောင်း၊ လေကြောင်းတိုက်ခိုက်မှုဖြင့် အကူအညီပေးခဲ့သော အမေရိကန်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မူးယစ်ဆေးဝါးသုံးစွဲမှုကို အသိစိတ်ဖြင့် သုံးစွဲမှုလာရောက်ဖြတ်

**မူဆယ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မိုင်းယု(၁၀၅)မိုင်ကျေးရွာအုပ်စု အထက်နမ့်ဟွယ်ကျေးရွာ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် မိုင်းယု(၁၀၅)မိုင်ကျေးရွာ အောင်သီရိမင်္ဂလာသုခဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောသရ ဦးဆောင်၍ မိုင်းယုကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဆုင်၊ တအာင်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဦးခမ်းလိတ်နှင့် မူဆယ်မြို့နယ် နမ့်ဟွယ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်အေးတို့အဖွဲ့သည် မူးယစ်ဆေးဝါးသုံးစွဲမှု အသိပညာပေးဟောပြောပွဲကို အထက်နမ့်ဟွယ်ကျေးရွာ လူငယ်ဇရပ်တွင် ပြုလုပ်ခဲ့သည်။

မူဆယ်မြို့တွင် မိုင်းယု(၁၀၅)မိုင်ကျေးရွာ အောင်သီရိမင်္ဂလာသုခကျောင်းထိုင်ဆရာတော်က မူးယစ်ဆေးဝါးပြဿနာသည် တစ်ယောက်တည်းကိစ္စမဟုတ်၊ တိုင်းပြည်နှင့်လူမျိုးအတွက် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ပုံရိပ်ကိုပါ များစွာထိခိုက်နိုင်သဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။ ထိုသို့တိုက်ဖျက်ရာတွင် နိုင်ငံတကာမှလည်း ငွေကြေးနှင့်နည်းပညာများစွာ ပံ့ပိုးကူညီလျက်ရှိပြီး နိုင်ငံတော်ကလည်း အရေးတကြီးဆောင်ရွက်နေသကဲ့သို့ ပြည်သူအားလုံးက တာဝန်သိစွာ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ပါက မူးယစ်အန္တရာယ်ကို မုချကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ဩဝါဒစကားပြောကြားသည်။

ယင်းနောက် အောက်တိုဘာ ၂၀ ရက်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုဖြတ်တောက်ခြင်းနှင့် ပတ်သက်၍ ကော်မတီဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌ ဦးအိုက်ခမ်း၊ အထက်နမ့်ဟွယ် အုပ်ချုပ်ရေးမှူး ဦးအိုက်ဆမ်နှင့်ပူးပေါင်းပြီး ၎င်းတို့၏ စားဝတ်နေရေး၊ အိပ်ဆောင်၊ စီမံခန့်ခွဲရေးတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရ၍ မူးယစ်ဆေးဝါးသုံးစွဲသူ ၄၅ ဦးတို့သည် လူငယ်ဇရပ်သို့ အမည်စာရင်းများ လာရောက်ပေးသွင်းကြသည်။ အောက်နမ့်ဟွယ်မှ ကိုအိုက်စိကလည်း မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် စားဝတ်နေရေးနှင့် ၎င်းတို့၏ လုံခြုံရေးတာဝန်ဆောင်ရွက် လုပ်ကိုင်ရသောသူများအတွက် ကုန်ကျစရိတ်များကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးခဲ့သည်။

"ကျွန်တော်မူးယစ်ဆေးဝါးသုံးစွဲတာ ၁၅ နှစ်ကျော်ရှိပြီ၊ မူးယစ်ဆေးဝါးဟာ နိုင်ငံအတွက်၊ အနာဂတ်မျိုးဆက်သစ်တွေအတွက် ရင်လေးစရာဖြစ်သလို မူးယစ်ဆေးဝါးသုံးစွဲဖို့ဆိုတာ ငွေလိုတယ်၊ အမေ့ဆီတောင်းတယ်၊ တောင်းမရရင် ခိုးတယ်၊ မိဘဆိုတာလည်းမသိတော့ဘူး၊ ငွေရဖို့ပဲ။ ဒါကြောင့် ကျွန်တော် ဒီလိုမကောင်းတဲ့ မူးယစ်ဆေးဝါးကို မသုံးတော့ဘူးလို့ စိတ်ကို ဆုံးဖြတ်လိုက်တယ်" ဟု ဒေသခံ ဆေးစွဲသူတစ်ဦးက ပြောသည်။

အားလုံး၏ ကျန်းမာရေးအတွက် အထက်နမ့်ဟွယ်မှ သားဖွားဆရာမ ဒေါ်ဇာဇာလွင်က တာဝန်ယူ ဆောင်ရွက်ပေးပြီး လိုအပ်လျှင် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီး၏ အကူအညီဖြင့် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ရိုးသျှား(၁၀၅)မိုင်**

# အမျိုးသားတစ်ဦး အောင်ဇေယျတံတားပေါ်မှ ခုန်ချသေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၀**

ရောဂါဝေဒနာခံစားနေရသော အမျိုးသားတစ်ဦး လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားပေါ်မှ အောက်တိုဘာ ၁၈ ရက် ညနေပိုင်းက ခုန်ချခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် အောင်ဇေယျကြိုးတံတားပေါ်မှ အမျိုးသားတစ်ဦး ခုန်ချသေဆုံးခဲ့ကြောင်း သတင်းအရ အောက်တိုဘာ ၁၈ရက် ညနေ ၅ နာရီခွဲက သွားရောက်စစ်ဆေးရာ လှိုင်သာယာမြို့နယ်နေ ဦးမောင်မောင်လွင် (၆၀နှစ်)မှာ တံတားအောက်ရှိ ဆိပ်ကမ်းသာလမ်းဘေးမြက်ခင်းပြင်တွင် မှောက်လျက်အနေအထားဖြင့် ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ဖြစ်စဉ်အားစုံစမ်းရာ သေဆုံးသူသည် အစာအိမ်ရောဂါနှင့် လိပ်ခေါင်းရောဂါများ ခံစားနေရသူဖြစ်ကြောင်း၊ တူမတော်စပ်သူမိသားစုက အင်းစိန်မြို့နယ် ပေါက်တောဝရှိ ဆေးခန်းသို့ပြသပေးရန်အတွက် မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်လာစဉ် တံတား၏ ကမ္ဘည်းကျောက်စာတိုင်အနီးအရောက် အပေါ့သွားမည်ဟုပြောသဖြင့် ယာဉ်ကိုရပ်ပေးခဲ့ကြောင်း၊ ၎င်းမှာ ယာဉ်ပေါ်မှဆင်းသွားပြီး အမြင့်သုံးပေခန့်ရှိ တံတားလက်ရန်းတန်းနှင့် လူသွားစင်္ကြံ လက်ရန်းတို့ကို ကျော်တက်၍ တံတားအောက်သို့ ခုန်ချခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် သေဆုံးမှုနှင့်ပတ်သက်၍ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# လောက်ကိုင်မြို့နယ်တွင် အက်ဖီတမင်းနှင့် မက်အက်ဖီတမင်း ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဖီနိုင်းပရိုပန်နုန်း လီတာ ၁၀၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် နယ်မြေရှင်းလင်းစဉ် လောက်ကိုင်မြို့နယ် ထင်ပါကျိုင်းကျေးရွာအုပ်စု စီအောကျေးရွာနေ ရင်ချိန်(ခ) လောက်အဲလ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၂၀ လီတာစီပါ ပလတ်စတစ်ပုံး ငါးပုံးဖြင့်ထည့်လျက် အက်ဖီတမင်းနှင့် မက်အက်ဖီတမင်း ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဖီနိုင်းပရိုပန်နုန်း ၁၀၀ လီတာကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ဓာတုဆေးရည်များ လာရောက်အပ်နှံသူ အားချန်(ခ)တိုက်ရီချန်ကို စီအောကျေးရွာ လမ်းမပေါ်တွင် ဖမ်းဆီးရမိပြီး လောက်ကိုင်မြို့ ရပ်ကွက်(၂) ကော်မင်လမ်းနေ လီလောက်ဟွာအား ကော်မင်လမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ရင်ချိန်(ခ) လောက်အဲလ်(၂၀ နှစ်)၊ အားချန်(ခ) တိုက်ရီချန်(၂၄ နှစ်)နှင့် လီလောက်ဟွာတို့သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရင်ချိန်(ခ)လောက်အဲလ်၊ အားချန်(ခ)တိုက်ရီချန်နှင့် လီလောက်ဟွာတို့အား ဖမ်းဆီးရမိဓာတုဆေးရည်များနှင့်အတူ တွေ့ရစဉ်။

# ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ် တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် မန့်ဟောင်းကျေးရွာ မန့်ဟောင်းကူးတို့ဆိပ်အနီးတွင် နမ့်ခမ်းမြို့ဘက်မှ မန့်ဟောင်းကူးတို့ဆိပ်ဘက်သို့ ချန်အားချွင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ဖင်ထိုင်ခုံအောက် တူးဘောက်စ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ချန်အားချွင်း (၂၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။**(သတင်းစဉ်)**

# ဘိန်းဖြူနှင့်ဆက်စပ်ပစ္စည်းများ မိုင်းဆတ်၌သိမ်းဆည်းရမိ

**မိုင်းဆတ် အောက်တိုဘာ ၂၀**




မိုင်းဆတ်မြို့နယ် တာချီလိတ်-မိုင်းဆတ်သွားကားလမ်းမပေါ် လွယ်ဆမ်ဆုန်တောင်အနီးတွင် ဘိန်းဖြူဘလောက်တုံး ၆၆၅ တုံးအမှုမှ ပြစ်မှုကျူးလွန်သူများ၏ စစ်ဆေးပေါ်ပေါက်ချက်ဖြင့် မူးယစ်တပ်ဖွဲ့စု(၂၉/၃၀)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်များတွင် ရေပူစမ်းကျေးရွာအနီး နယ်မြေများကို ရှင်းလင်းစဉ် မြေမြှုပ်သို့ဝှက်ထားရှိသော မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဂက်စ်မီးဖိုနှစ်လုံး၊ ကြွေရည်သုတ်ဇလုံ အလုံး ၃၀၊ ကီလို ချိန်ခွင် တစ်ခု၊ ရှမ်းစက္ကူများ ထည့်ထားသော ဆာလာအိတ်သုံးအိတ်၊ အရောင်ဆိုးဆေး(ကာလာစုံ) ဆာလာအိတ်တစ်အိတ်၊ တိပ်ခွေ အကြည်/အဝါ ရောနှောထားသည့် ဆာလာအိတ်ခုနစ်အိတ်၊ ပလတ်စတစ်ကြိုးခွေများထည့်ထားသော ဆာလာအိတ်ငါးအိတ်၊ ပလတ်စတစ်အကြည်အိတ်အကြီးများထည့်ထားသော ဆာလာအိတ် ရှစ်အိတ်၊ စိတ်ကြွရူးသွပ်ဆေးပြားထည့်သည့် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များ ထည့်ထားသည့် ဆာလာအိတ်တစ်အိတ်၊ အမည်းရောင်လက်အိတ်များ ထည့်ထားသော ဆာလာအိတ်တစ်အိတ်၊ အဝါရောင် ဖယောင်းတုံးများထည့်ထားသည့် ဆာလာအိတ် တစ်အိတ်၊ အမိုနီယမ်ကလိုရိုက် အဖြူရောင်မှုန့် အလေးချိန် ၄၉၂ ကီလို၊ ကော်မှုန့် အလေးချိန် ၂၅ ကီလို၊ ဖော့စဖရပ်အညိုရောင်မှုန့် ၅၀ ကီလို၊ ကာဗွန်အဖြူရောင် ရှစ်ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၄၉ ဒသမ ၅၄၆ လီတာ၊ အနံ့ဆေးရည် ၁၇ လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ်နှင့် လိုက်ဖော ရောစပ်ထားသော ဓာတုဆေးရည် ၂၇ ဒသမ ၂၇၆ လီတာ၊ ငါးဂါလန်ဆံ့ ပလတ်စတစ်ပုံး ၁၅ လုံး၊ ကြွေကတော့နှစ်ခု၊ ဖန်ပုလင်းဟောင်း တစ်လုံး၊ ပလတ်စတစ်အကြည်များ ထည့်ထားသော ဆာလာအိတ် နှစ်လုံး၊ စတီးဇလုံကြီး ၁၂ လုံး၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့် စက်အစိတ်အပိုင်းများနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါး ဆက်စပ်ပစ္စည်းများ၏ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်အရေးယူရန် အောက်တိုဘာ ၁၉ ရက်တွင် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

**မူးယစ်ဆေးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်မည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေ တတိယသုံးလပတ်လုပ်ငန်းနှင့် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ကျောက်အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁။ | (က) ၆"-၉" ကျောက် | ၁၄၁၇·၃၂ ကျင်း |
| | (ခ) ၂"-၄" ကျောက် | ၃၅၉၁·၃၅ ကျင်း |
| | (ဂ) ၁"-၂" ကျောက် | ၇၂၅၄·၆၅ ကျင်း |
| | (ဃ) ၃" အောက်ကျောက် | ၃၂၁၅·၉၃ ကျင်း |
| | (င) ၃/၈" ကျောက် | ၂·၁၄ ကျင်း |
| | (စ) ၁/၈"-၁/၂" ကျောက် | ၁၃၂၈·၈၆ ကျင်း |
| | (ဆ) ၃/၈"-၃/၄" ကျောက် | ၃၇·၄၁ ကျင်း |
| | (ဇ) ၁/၄"-၃/၄" ကျောက် | ၁၁၅၆·၂၄၅ ကျင်း |
| | (ဈ) ၁/၂" ကျောက် | ၃၀·၁၁ ကျင်း |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၃၀-၁၀-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၅ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉-၁၀-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုသည့်အချက်များကို ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - **ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကသာမြို့**
**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၅၀၄၈**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဌာနဆိုင်ရာနှင့် သတင်းမီဒီယာ

ဦးဟန်ညွန့် (ဥပဒေ)

**ဝင်ထွက်သွားလာခွင့်**

သတင်းမီဒီယာသမားများသည် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းက စည်းကမ်းချက်နှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ ရှိသည်။

သတင်းမီဒီယာ ဥပဒေ၊ အခန်း(၃) ပုဒ်မ ၄ (ဃ)

**သိဖို့၊ နားလည်ဖို့**

ဥပဒေကို ပြဋ္ဌာန်းရုံဖြင့်မပြီး၊ သိဖို့၊ နားလည်ဖို့လိုသည်။ ယနေ့အချိန်အခါတွင် သတင်းမီဒီယာ၏ အခန်းကဏ္ဍကျယ်ပြန့်လာသည်။ ဌာနဆိုင်ရာများ၏ အရေးပါမှုကလည်း ပို၍လိုအပ်လာသည်။ ဥပဒေ၏ စွမ်းရည်ထက်မြက်သည်။ ဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်ရန်မှာ ပို၍အသက်ဝင်လာပြန်သည်။ တစ်ဖက်နှင့် တစ်ဖက် နားလည်မှုရှိဖို့ ပို၍ လိုပြီ။

**မဏ္ဍိုင်(၃)ရပ်**

အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ရှိသည်။ သတင်းမီဒီယာမဏ္ဍိုင်ပေါင်းစပ်လျှင် မဏ္ဍိုင်(၄)ရပ်ဖြစ်သည်။ ဟန်ချက်ညီညီပေါင်းစပ်ဖို့ လိုသည်။ တစ်သီးတခြားမဖြစ်အပ်။ "သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ် လုပ်နေတာပဲ"ဟု ခွဲခွဲခြားခြားမပြုအပ်။ ကွာဟမှုမရှိအပ်။ တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းအပ်သည်။ သတင်းမီဒီယာဥပဒေ၏ အနှစ်သာရများကို ကောင်းစွာထောက်ကူအပ်သည်။ တည်ဆဲဥပဒေများကိုလည်း လိုက်နာအပ်သည်။

**တရားရုံးများကို မထီမဲ့မြင်ပြုမှု**

တရားရုံးမှ တစ်စုံတစ်ရာအဆုံးအဖြတ်မပေးရသေးမီ သတင်းစာတွင် ကြိုတင်ရေးသားဖော်ပြချက်သည် တရားရုံးများအား မထီမဲ့မြင်ပြုရာရောက်သည်။ တရားရုံးက ဆုံးဖြတ်ရန်အချက်များကို စကားဦးသန်း၍ ဖြန့်ဝေကြေညာခြင်း၊ ရေးသားခြင်းမပြုအပ်။ အမှုစစ်ဆေးနေစဉ်ကာလအတွင်း သူမှန်သည်၊ ငါမှန်သည်ဟု ကြိုတင်မဝေဖန်အပ်။ တရားသူကြီး၏သမာဓိဂုဏ်ကို သေးသိမ်အောင်မရေးအပ်။ တရားရုံးများကို မထီမဲ့မြင်မပြုအပ်။ ဤကား တည်ဆဲဥပဒေပြဋ္ဌာန်းချက်ဖြစ်သည်။

**သတင်းပြန်ကြားရေးအဖွဲ့**

တရားရုံးအဆင့်ဆင့်တွင် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းမည်။ ပြန်ကြားရေးအရာရှိများကို တာဝန်ပေးမည်။ ထုတ်ဖော်ပြောကြားသင့်သော အကြောင်းအရာများအားလုံး ပြည်သူတွေသိရှိအောင် စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းကောင်းကြားရသည်။ ယင်းသို့ဆိုလျှင် တရားရုံးများကို မထီမဲ့မြင်လုပ်မှုများ လျော့ပါးလာမည်။ သတင်းမီဒီယာဥပဒေ၊ တရားရုံးဆိုင်ရာ ဥပဒေများနှင့်ပါ ညီညွတ်စေမည်။ ပြဿနာနည်းမည် မုချဖြစ်သည်။ သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ အဆင်ပြေမည်။ ချောမွေ့မည်။

**သတင်းထောက်ကို ကြောက်သည်ဆို**

"သတင်းထောက်ကို ကြောက်သည်"ဟု ဆိုကြသည်။ အမှန်တကယ်တော့ သတင်းထောက်ဟူသည် သူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်ခြင်းသာဖြစ်သည်။ ဌာနဆိုင်ရာများက သတင်းထောက်ကို ဘာကြောင့်ကြောက်သလဲ။ ကြောက်စရာဘာရှိသလဲ။ ကြောက်စရာတွေ ဘာလုပ်ထားလို့လဲဟုသာ မေးရမလိုဖြစ်နေသည်။ ဌာနအလွဲသုံးစားရှိသလား။ ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်လို့လား။ စည်းကမ်းပျက်၊ စာရိတ္တပျက်မှုကြောင့် ဌာနဆိုင်ရာအရေးယူမှု၊ တရားစွဲဆိုမှုတွေ ပေါ်လာမည်စိုး၍လား။ လျှို့ဝှက်ထားချင်လို့လား။ ပြည်သူတွေကြား ဝေဖန်မည်စိုး၍လား၊ "လား" ပေါင်းများစွာ မေးရမည်သာ။ တိကျသော၊ ကျင့်ဝတ်လိုက်နာသော၊ တာဝန်ကျေသော ဌာနဆိုင်ရာများက၊ အပြစ်ကင်းစင်သူများက သတင်းထောက်ကို ကြောက်စရာမလို။ ဘယ်သူ့ကိုမှလည်း ကြောက်စရာမလိုပေ။ အဖုအထစ်ရှိသော၊ ပြဿနာရှိသော ဌာနဆိုင်ရာများက သတင်းထောက်ကို ကြောက်ပေလိမ့်မည်။ ကျင့်ဝတ်သိက္ခာမရှိသော၊ သတင်းမီဒီယာသမားမပီသသော သတင်းထောက်များကလည်း ဌာနဆိုင်ရာများနှင့်အဆင်ပြေမည်မဟုတ်။ တစ်ခုမဟုတ် တစ်ခု အခက်အခဲနှင့်ကြုံတတ်ပေမည်။

**အသရေဖျက်မှု**

ပြစ်မှုပုဒ်မ ၅၀၀ ဟု အမည်ကြီးသော အသရေဖျက်မှုအကြောင်း မရေးမဖြစ်ရေးရဦးမည်။ သတင်းထောက်ပီသသူများ ဘာမှမဖြစ်။ စေတနာ၊ ကျင့်ဝတ်သိက္ခာမြင့်မြတ်သူများနှင့် မသက်ဆိုင်၊ ဥပဒေနှင့်အညီ နေထိုင်သူများအတွက်လည်း ကြောက်စရာမရှိ။ အသရေထိခိုက်အောင် မလုပ်ဖို့အဓိက။ သဘောရိုးမရှိဘဲ အသရေဖျက်ခြင်းကြောင့် တရားရုံးများ အလုပ်များကြရသည်။ သတင်းထောက်များ ပညာပေးရက်တိုသင်တန်းများတွင် ပြစ်မှုပုဒ်မ ၅၀၀ မဖြစ်အောင် ပညာပေးဆွေးနွေးခဲ့ရသည်များ အကြိမ်ကြိမ်ပါ။ အတွေ့အကြုံများသော သတင်းထောက်ကြီးများက ပုဒ်မ ၅၀၀ ဖြစ်တာမရှိသလောက်ပါ။ အတွေ့အကြုံလည်းနည်း၊ သဘောရိုးလည်းမရှိ၊ သူတစ်ဖက်သားအား အမြဲပုတ်ခတ်၊ ရန်ရှာတတ်သူများသာ ပုဒ်မ ၅၀၀ ဖြစ်လေ့ရှိသည်။ သတိမူကြစေချင်သည်။

**ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာဥပဒေ)**

ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာဥပဒေ)သည် သတင်းထောက်များ ဖတ်စရာလက်စွဲစာအုပ်ဖြစ်သည်။ ပြစ်မှုပုဒ်မ ၅၀၀ အပါအဝင် ရှောင်သင့်၊ ဆောင်သင့်သော ဥပဒေစာအုပ်ဖြစ်သည်။ နိုင်ငံတော် အကြည်ညိုပျက်စေမှုပါသည်။ လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု၊ ဆဲမှု၊ နာကျင်စေမှု၊ ခိုးမှုများ ပါဝင်သည်။ သတင်းထောက်များ လေ့လာအပ်သည်။ ဌာနဆိုင်ရာများနှင့် ဆက်စပ်ပတ်သက်သော ဥပဒေများဟုဆိုနိုင်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အဓိကတွေ့ဆုံ၊ ထောက်လှမ်းရမည့် သတင်းသမားများ၏ လုပ်ငန်းလမ်းညွှန် ဖြစ်နိုင်သည်။

**လျှို့ဝှက်ချက်များဥပဒေ**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ ဥပဒေသည်လည်း သတင်းထောက်များ လေ့လာအပ်သည်။ လျှို့ဝှက်ချက်ဆိုတာဘာလဲ။ မည်သို့ပြဋ္ဌာန်းထားပုံ၊ ဆောင်ရန်၊ ရှောင်ရန်များ သိထားသင့်သည်။ ဌာနဆိုင်ရာများနှင့် သတင်းထောက်များ မည်သို့ ဆက်စပ်ပတ်သက်နိုင်ပုံ၊ ဥပဒေကျင့်ဝတ်၊ စောင့်ထိန်းမှုများ ပွားများလေ့လာသင့်သည်။ အကောင်းအဆိုး၊ နမူနာအမှုများ၊ သင်ခန်းစာယူသင့်သည်။ ပညာပေးသူကလည်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေး၊ အများသိအောင် လိုက်နာအောင်ကြံဆောင်သင့်သည်။ အများသိလေ၊ ဥပဒေအာနိသင် ထိရောက်လေဖြစ်မည်။

**အလုပ်ဝတ္တရားနှောင့်ယှက်မှု**

"အလုပ်ဝတ္တရားနှောင့်ယှက်မှု" ဟု လူသိများသော ပြစ်မှုပုဒ်မ ၃၅၃ အကြောင်း သတင်းထောက်များ သိသင့်သည်။ ပြစ်မှုပုဒ်မ ၃၅၃ သည် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ပြည်သူ့ဝန်ထမ်းကို ဟန့်တားရန် လက်ရောက်မှုကျူးလွန်ခြင်းဖြစ်သည်။ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု ပြုခြင်းဖြစ်သည်။ သတင်းထောက်များအား လွယ်လွယ်ကူကူတရားစွဲနိုင်သည့် ပုဒ်မဟုလည်း ထင်ရှားသည်။ ပြည်သူ့ဝန်ထမ်းများကလည်း သတင်းထောက်များကို အပြစ်ရှာဖို့လွယ်သည့် ပုဒ်မဟု အထင်အမှတ်များနေကြသည်။ မည်သို့ဆိုစေ ဌာနဆိုင်ရာနှင့် သတင်းမီဒီယာများအကြား "သံသယပျောက်ပါစေ၊ အမှန်ဘဝရောက်ပါစေ" ဟုသာ တင်ပြလိုသည်။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဌာနဆိုင်ရာဝန်ထမ်းများ ကောင်းဖို့လိုသည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည်။ ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းဥပဒေများနှင့်အညီ ဝန်ထမ်းများ ပီသရမည်။ စနစ်တကျပြုစုပျိုးထောင်ကြရမည်။ ထို့အတူ သတင်းမီဒီယာသမားသည်လည်း ကျင့်ဝတ်၊ သိက္ခာ ဥပဒေများနှင့် ညီညွတ်ပြည့်ဝရပေမည်။

**တည်ဆဲဥပဒေများ**

ဥပဒေမှန်သမျှနိုင်ငံသားတိုင်းလိုက်နာရန်တာဝန်ရှိသည်။ သတင်းမီဒီယာသမားများသည် နိုင်ငံသားများဖြစ်ကြသည်။ မျှော်လင့်စောင့်စားခဲ့သော သတင်းမီဒီယာဥပဒေသည် ပေါ်ထွန်းခဲ့ပြီ။ ပုံနှိပ်ထုတ်ဝေဥပဒေသည်လည်း ညီနောင်ဥပဒေပမာပေါ်ထွန်းခဲ့ပြီ။ ဆက်စပ်နေသော နည်းဥပဒေများကိုလည်း ရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ လက်တွဲလျက် စိန်ခေါ်ချက်များကို ရင်ဆိုင်ဖြေရှင်းလျက်ရှိပါသည်။ အခက်အခဲများကို ဖြတ်ကျော်သွားမည်ဖြစ်ပါသည်။

**သတင်းထုတ်ပြန်ရေးတာဝန်ခံ**

"ပြည်သူများသတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေးအတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း"ဟု သတင်းမီဒီယာသမားပုဒ်မ ၁၇(ဆ)တွင် ပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံထားရှိတော့မည်ဖြစ်သည့်အတွက် သတင်းမီဒီယာသမားများအတွက် ဝမ်းသာစရာဖြစ်ပါသည်။

**စတုတ္ထမဏ္ဍိုင်**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များတည်ရှိသည်။ သတင်းမီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်။ အပြန်အလှန်ထိန်းကျောင်းသည်။ ဟန်ချက်ညီညီ ဆောင်ရွက်မည်။ ယုံကြည်မှုတည်ဆောက်ကြမည်။ အားနည်းချက်ကုစားမည်။ အားသာချက်တည်တန့်စေမည်။ မဏ္ဍိုင်(၄)ရပ် ပေါင်းစပ်သည်။

**ဦးတည်ချက်တူညီ**

ဌာနဆိုင်ရာများ၊ ဌာနအကြီးအကဲများ၊ ဝန်ထမ်းများသည် ပြည်သူ့သားသမီးများဖြစ်ကြသည်။ သတင်းမီဒီယာသမားများသည်လည်း ပြည်သူ့သားသမီးများပင်ဖြစ်ကြသည်။ ဘဝတူများ၊ ဦးတည်ချက်၊ ရည်မှန်းချက်တူညီသူများ၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်သူများပင် ဖြစ်ကြသည်။ "စုပေါင်းညီညာ အောင်ကြောင်းဖြာ"ပါသည်။

**တင်ပြချက်**

ဆွေးနွေးညှိနှိုင်းပွဲများမှတစ်ဆင့် "ဌာနဆိုင်ရာနှင့် သတင်းမီဒီယာ" သာသာယာယာရှိပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

**"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဌာနဆိုင်ရာ ဝန်ထမ်းများ ကောင်းဖို့လိုသည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်သည်။ ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းဥပဒေများနှင့်အညီ ဝန်ထမ်းများ ပီသရမည်။**



## စေတနာရှင် အထူးကုဆရာဝန်ကြီးများအဖွဲ့ ကံ့ကော်တစ်ထောင်ဆေးခန်း၌ လူနာများအား အခမဲ့ကုသပေး

ဖျာပုံ အောက်တိုဘာ ၂၀

ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တ ကေလာသ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်၏ စိန်ရတုအကြို (၇၄ နှစ်)ပြည့် ဝိဇာတမင်္ဂလာအလှူအဖြစ် ရန်ကုန်မြို့မှ စေတနာရှင် အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့သည် လူနာများကို အခမဲ့ဆေးဝါးကုသပေးခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာရှိ ကံ့ကော်တစ်ထောင် ကုသိုလ်ဖြစ်ဆေးခန်းတွင် ကွင်းဆင်းဆေးကုသပေးသည်။

လူနာပေါင်း ၆၀၀ ကျော်ကို အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး ဆေးဝါးကုသမှုကုန်ကျစရိတ်အားလုံးကို ကံ့ကော်တစ်ထောင်ဆရာတော်၏ ဝိဇာတမင်္ဂလာအလှူအဖြစ် ကျေးဇူးရှင်ဖခင်ကြီး(ဦးတင်လှ)၊ မိခင်ကြီးဒေါ်ကျင်မေတို့ကိုအမှူးထား၍ ရန်ကုန်မြို့နေ ဦးကျော်ဟန်၊ ဒေါ်စန်းစန်းမြင့်မိသားစုက အကုန်အကျခံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။အဆိုပါကံ့ကော်တစ်ထောင် ကုသိုလ်ဖြစ်ဆေးခန်းသည် ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသ(အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) အရှင်သူမြတ်က ၂၀၁၂ ခုနှစ်မှစ၍ တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆေးခန်းတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တိုင်း ဆရာဝန်ဆရာမများကိုယ်တိုင် အခမဲ့စမ်းသပ် ကုသပေးနိုင်အောင် စီစဉ်ထားကြောင်းနှင့် ဆက်သွယ်လိုပါက ဆရာတော် ဖုန်း-၀၉-၈၅၉၁၁၁၉ နှင့် ဦးကျော်လှိုင် ဖုန်း-၀၉-၈၅၉၅၇၇၂ တို့ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



## အင်းတော်ကြီး သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် မြှင့်တင်ရေးဆောင်ရွက်ရန်လို

မိုးညှင်း အောက်တိုဘာ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် အရေးကြီးသော ရေတိမ်ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေး လုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။

"အင်းတော်ကြီးဟာ အင်းလေးထက် ကြည်နူးချမ်းမြေ့ဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာကောင်းပြီး ထူးခြားတဲ့ ဝိသေသတွေ ရှိတယ်။ ရေပျော်ငှက်တွေ၊ ဆောင်းခိုငှက်တွေ၊ ရှားပါးတိရစ္ဆာန်မျိုးစိတ်တွေကိုသုတေသနပြု ကြည့်ရှုလေ့လာနိုင်တယ်၊ ပြီးတော့ သဘာဝရေကန်ကြီးနဲ့အတူ တန်ခိုးကြီး ရွှေမဋ္ဌူရေလယ်ဘုရားကိုလည်း ဖူးမြော်ကြည်ညိုနိုင်တယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသသို့ ခရီးသွားလာလိုပါက မြစ်ကြီးနားသို့ လေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါပြီး မိုးညှင်းမြို့နှင့်ဟိုပင်မြို့သို့ ရထားကားဖြင့်လည်းကောင်း၊ မန္တလေးမြို့မှ မိုးညှင်းမြို့နှင့် ဟိုပင်မြို့သို့ ရထားကားဖြင့်လည်းကောင်း သွားလာနိုင်ပြီးထိုမှတစ်ဆင့် အင်းတော်ကြီးဒေသသို့ ကားဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဟု သိရသည်။

"အခုဆိုရင် နယ်မြေလုံခြုံငြိမ်းချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှုတို့ကြောင့် ခရီးသွားဧည့်သည်တွေအတွက် အခက်အခဲမရှိနိုင်တော့ပါဘူး" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားစခန်း (၂၁)ခုရှိသည့်အနက် ကချင်ပြည်နယ်အနေဖြင့် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်ဘေးမဲ့တောအပါအဝင် ခရီးသွားစခန်းလေးခုပါဝင်ကြောင်း၊ ယခုအခါ သာမန်ခရီးသွားဧည့်သည်များထက် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာစူးစမ်းခြင်း၊ သဘာဝအလှတရား၊ သဘာဝရှုခင်းများနှင့်အတူ အနားယူအပန်းဖြေစခန်းချခြင်းများကို ကမ္ဘာနှင့်အဝန်းက ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားလာခဲ့ကြသဖြင့်အင်းတော်ကြီးဒေသကိုလည်း ခရီးသည်များ နှစ်ခြိုက်စွဲလမ်းသော ခရီးစဉ်တစ်ခုအဖြစ် စီမံဆောင်ရွက်ပေးနိုင်ပါက ဒေသ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေလာမည်ဖြစ်ကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်ပါက မည်သည့်ဒေသအတွက်မဆို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးငွေးဝင်း၏ **ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှုနှင့် ပြည်ပမှစားအုန်းဆီ တင်သွင်းမှုစသည့် ကုန်သွယ်မှုမူဝါဒကို ပြုပြင်ပြောင်းလဲရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက မူဝါဒတစ်ခု ပြောင်းလဲချမှတ်မည်ဆိုပါက အများအကျိုး၊ နိုင်ငံတော်အကျိုး နှင့် ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို ကြိုတင်စိစစ်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှု၊ စားအုန်းဆီများ ပြည်ပမှ တင်သွင်းမှုနှင့် ပတ်သက်၍ မူဝါဒပြောင်းလဲမည်ဆိုလျှင် မြန်မာနိုင်ငံရှိ အခြေခံလူတန်းစားများဖြစ်ကြသည့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ အကျိုးအမြတ်ရရှိနေမှုအပေါ် ထိခိုက်လာနိုင်မှုဖြစ်ပေါ်နိုင်သကဲ့သို့ မလိုလားအပ်သည့် ဈေးနှုန်း မြင့်တက်



ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်း ဖြေကြားစဉ်။ (သတင်းစဉ်)

မှုများကြောင့် စားသုံးသူပြည်သူများအပေါ် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် အလေးအနက်ထား ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ စားသုံးသူပြည်သူများ၏ သဘောထားနှင့် လိုအင်ဆန္ဒများကို ရယူပြီးမှ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရေကြည်မြို့နယ် မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်၏ **ဖွံ့ဖြိုးတိုးတက်မှု အားနည်းသော မြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များအား အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကူအညီ တောင်းခံတင်ပြလာပါက နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းက နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါက မည်သည့်ဒေသအတွက်မဆို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း မြို့နယ်များအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်အတွင်းဆောင်ရွက်ရန် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီး၊ လမ်း၊ တံတားစသည့် ကဏ္ဍဆိုင်ရာစီမံကိန်းများကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းနှင့်မလုံလောက်လျှင် တိုင်းဒေသ



ရေကြည်မြို့နယ် မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

ကြီး/ ပြည်နယ်အစိုးရ အစီအမံဖြင့် နိုင်ငံတော်မှ ချေးငွေရယူပြီး မြို့နယ်များ ဦးစားပေးလိုအပ်ချက်အရ ဘဏ္ဍာငွေဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **တမူးမြို့မှ အင်ဖာမြို့အထိ တရားဝင်သွားလာခွင့်ရရှိနိုင်ရန် မည်သည့်အချိန်တွင် စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသဖြတ်သန်းခွင့် သဘောတူစာချုပ်အား တရားဝင်ချုပ်ဆိုထားခြင်း မရှိသေးပါကြောင်း၊ တရားဝင်နယ်စပ် ဖြတ်သန်းသွားလာနိုင်ရေးမှာ ခွင့်ပြုမိန့်ရရှိပါက သံတမန်လမ်းကြောင်းမှ တစ်ဆင့် နှစ်နိုင်ငံသဘောတူ စာချုပ်နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးမှသာ တရားဝင် ဝင်/ထွက် သွားလာရေးကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၊ အင်ဖာမှ မြန်မာနိုင်ငံ၊ မန္တလေးအထိ လည်ပတ်ခွင့်ပြုပြီး ၎င်းဂိတ်မှပင် ပြန်လည်ထွက်ခွာခွင့်ပြုမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသဖြတ်သန်းခွင့် သဘောတူစာချုပ်ပါ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (သို့မဟုတ်) ခိုင်လုံသည့် နိုင်ငံကူးလက်မှတ်များဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသားများတရားဝင် ဝင်/ထွက် သွားလာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင်၏ **ပြည်တွင်းဘဏ်များမှ အပ်ငွေအပေါ် အပြိုင်အဆိုင် အတိုးနှုန်းပေးမှု အလွန်အကျွံမဖြစ်ပေါ်စေရေးနှင့် Bankrupt မဖြစ်ရေးတို့ကို မည်သို့ထိန်းချုပ်မည်ကို သိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ဗဟိုဘဏ်၏ ငွေရေးကြေးရေး အဖွဲ့အစည်းများကြီးကြပ်စစ်ဆေးရေးဌာနက ဘဏ်များသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် စာရင်းအင်း တောင်းယူကြီးကြပ်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့က ဘဏ်များ၏ ကျန်းမာကြံ့ခိုင်မှုကို တွက်ချက်စစ်ဆေးအသုံးပြုသည့် Financial Soundness Indicators (FSI) ကိုလည်း လစဉ်နှင့် သုံးလပတ်အလိုက် တွက်ချက်ပြီး ဗဟိုဘဏ်၏ ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်ပြအစီရင်ခံခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းများလိုက်နာမှု မရှိကြောင်းနှင့် FSI ညွှန်းကိန်းများအားနည်းနေကြောင်းတွေ့ရှိရပါက ဗဟိုဘဏ်က ဘဏ်များကို ခေါ်ယူဆွေးနွေးခြင်းနှင့် သီးခြားစာထုတ်၍ အသိပေးလိုက်နာစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀) ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **"ပခုက္ကူမြို့နယ်ရှိ ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)၏ အောက်ဘက်တွင်ရှိသော မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများအား ကမ်းပါးပြိုပြီး ကျေးရွာမြေများ၊ စိုက်ပျိုးမြေများ ဆုံးရှုံးနေခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကြောင်းကို ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ ကမ်းပြိုကာကွယ်ရေးကိုသာ ရည်ရွယ်ပြီး Steel Basket ကျောက်ဖြည့်ရေကာ တည်ဆောက်ခြင်းမှာ ကုန်ကျစရိတ်များပြားပြီး ကမ်းပြိုဧရိယာတစ်ခုလုံးကာကွယ်မပေးနိုင်သည့် အတွက် ဆောင်ရွက်ခြင်းမပြုဘဲ လက်ရှိရေလမ်းကြောင်းကို ပြုပြင်ခြင်းဖြင့် ရေတိုက်စားကမ်းပြိုမှုများကို လျော့နည်း သွားစေရန် ဆောင်ရွက်သင့်ပြီး ထိုသို့ ရေလမ်းကြောင်း ပြောင်းလဲရန် ပခုက္ကူတံတား တိုင်အမှတ် (၁၃) အနီးမှ သဲကုန်းကျေးရွာရှေ့ရှိ ရေလမ်းပေါက်သို့ နီးကပ်သော ရေလမ်းကြောင်းတူးဖော်ခြင်းကိုသာ ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ ရေလမ်းကြောင်းပြုပြင်ရန် သောင်တူးဖော်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် ၂၄၁ ဒသမ ၉၄ သန်းကို ခွင့်ပြုပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ စိစစ်တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ် ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)၏ အောက်ဘက် ဧရာဝတီမြစ်ကြောင်းရှိ ကျေးရွာများ ကမ်းပြိုမှုမှကာကွယ်ရန် ပခုက္ကူတံတား တိုင်အမှတ် (၁၃) အနီးမှ သဲကုန်းကျေးရွာရှေ့ရှိ ရေလယ်ပေါက်သို့ ဦးတည်သော ရေလမ်းကြောင်းအလျား မီတာ ၂၀၀၀ အတွက် (၂၇၉၇၉၈ ဒသမ ၇၅ ကုဗမီတာ ) သောင်တူးဖော်ရန် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၁ ဒသမ ၉၄ သန်းကို ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေးတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **"နိုင်ငံအတွင်းရှိ မြို့ငယ်များမှ ဘူတာရုံအဟောင်းများအား ခေတ်မီအဆောက်အအုံအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ သံလမ်းထိန်းကျောက်သားများ အမြန်ဆုံးဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လက်ရှိတွင်ခရီးသည်နှင့် ကုန်စည်လိုအပ်ချက်အပေါ် မူတည်၍ အချို့ရထားလမ်းပိုင်းများရှိ ရထားပြေးဆွဲမှုကို နိုင်ငံတော်မှ စိုက်



ဒုတိယဝန်ကြီး ဦးဟံစိန် ဖြေကြားစဉ်။ (သတင်းစဉ်)

ထုတ်ကျခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့မီးရထားတွင် ဘူတာပေါင်း ၉၆၀ ရှိပြီး ဘူတာတစ်ဘူတာကို ခေတ်မီအဆောက်အအုံအဖြစ် အဆင့်မြှင့်ပြုပြင်မည်ဆိုပါက ဘူတာအကြီး/အငယ်အလိုက် အနည်းဆုံးငွေကျပ် ၁၅ သန်းမှ ၃၀ သန်းအထိ ကုန်ကျမည်ဖြစ်ပြီး ခန့်မှန်းငွေ ကျပ် ၂၈ ဒသမ ၈ ဘီလီယံခန့် သုံးစွဲရမည်ဖြစ်ပါကြောင်း။

ဘူတာများ အဆင့်မြှင့်တင်ရာတွင် ခရီးသည်နှင့် ကုန်စည်ဝင်ငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြှင့်တင်ရန် လိုအပ်သော ဘူတာများကို ဘဏ္ဍာငွေကျပ် ၁၂၈ ဒသမ ၀၆၃ သန်း အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြှင့်တင်ရန် မလိုအပ်သေးသော်လည်း ပြုပြင်ရန်လိုအပ်သည့် ဘူတာပေါင်း ၅၄ ဘူတာကို ဘဏ္ဍာငွေကျပ် ၇၅ ဒသမ ၇၇၅သန်း အကုန်အကျခံ၍ ပြုပြင်ပေးလျက်ရှိပါကြောင်း၊ လမ်းခင်းကျောက်ဖြည့်တင်းရန် ၃၀၂၀၀ ကျင်းလျာထားရာ ယနေ့အထိ ၁၃၁၀၀ ကျင်း ဖြည့်တင်းပြီးဖြစ်ပါကြောင်း၊ အဆင့်မြှင့်လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းကို ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူက တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်စေလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေလိုကြောင်း၊ မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒ ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရရှိလိုပါကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအရ ဆောင်ရွက်ရသော အမျိုးသားနေ့များနှင့် ပြည်နယ်နေ့များတွင် သက်ဆိုင်ရာဒေသ၌ ရုံးပိတ်ရက်သတ်မှတ်ပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးတို့၏ သက်ဆိုင်သော ပြတိုက်တစ်ခုစီ တည်ဆောက်ပေးစေ



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

လိုကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင်က ခေတ်အဆက်ဆက်က အခြေခံဥပဒေသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို ခွဲခြားပိတ်ပင်ခြင်း မရှိပါကြောင်း၊ ယခုအခါ တိုင်းရင်းသားများတွင် မြေပြန့်နေ ဗမာလူမျိုးများ ပါဝင်ကြောင်း၊ ဥပဒေကြမ်းကော်မတီက တရားဝင်တင်သွင်းသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း ဗမာလူမျိုးများသည် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည်ဟု ပြောကြားခဲ့ဖူးကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားများ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားများ(အစား) ပြည်ထောင်စုသားများ (သို့မဟုတ်) ပြည်ထောင်စု မြန်မာနိုင်ငံသားများဟု ခေါ်ဆိုပါက တိုင်းပြည်စည်းလုံးညီညွတ်ရေးကို ပိုမိုစွမ်းဆောင်နိုင်မည်ဟုယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှဗဟိုကော်မတီဝင် ဦးမင်းမင်းဇေယျာမြင့် ခေါင်းဆောင်သည့် ကော်မတီဝင်များနှင့် ပါတီဝင်များ၊ ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တွဲဖက်အတွင်းရေးမှူး ဦးနန်ဟီးဒီးရမ်ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များနှင့် ပါတီဝင်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခရိုင်ကော်မတီဝင် ဦးစိုင်းဟိန်းလတ်ခေါင်းဆောင်သည့် ပါတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းဆွေဦး ခေါင်းဆောင်သည့် ပါတီဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးတစ်ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တူရင်မြို့ ဒုတိယ မြို့တော်ဝန်တို့ မြန်မာလက်မှု အနုပညာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်းရှိ မြန်မာလက်မှုအနုပညာပြပွဲကို တူရင်မြို့ ဒုတိယမြို့တော်ဝန်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့သည်။ **(အောက်ပုံ) (သတင်းစဉ်)**



◆ *ပြည်ထောင်စုလွှတ်တော်မှ*

အခြားငွေစာရင်းခေါင်းစဉ် တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေ လုံးဝမရှိခြင်းကြောင့် လည်းကောင်း၊ သို့တည်းမဟုတ် မူလခွဲဝေလျာထားချက်တွင် ပါဝင်မှုမရှိခြင်းကြောင့် လည်းကောင်း ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေသုံးစွဲရမည့် ကိစ္စရပ်အတွက် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ခွင့်ပြုငွေဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုမှာ ကျပ် ၂၀၃၂ ဒသမ ၆၄၇ ဘီလီယံဖြစ်ပြီး၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုမှာ ကျပ်၂၀၂ ဒသမ ၈၁၇ ဘီလီယံ ဖြစ်ပါကြောင်း။

နိုင်ငံတော်၏လိုငွေမှာ မူလခန့်မှန်းခြေတွင် ကျပ် ၂၇၅၃ ဒသမ ၀၀၉ ဘီလီယံဖြစ်ပြီး ယခုစာရင်းအရ လိုငွေမှာ ကျပ် ၂၅၈၁ ဒသမ ၇၀၂ ဘီလီယံဖြစ်ပြီး ကျပ် ၁၇၁ ဒသမ ၃၀၇ ဘီလီယံ လျော့နည်းပါကြောင်း၊ လိုငွေနှင့်ဂျီဒီပီအချိုးမှာလည်း မူလက ၄ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်သော်လည်း ယခုစာရင်းအရ ၃ ဒသမ ၉၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ မူလကထောက်ပံ့ပေးရသည့် ငွေကျပ် ၁၄၂၀ ဒသမ ၇၃၇ ဘီလီယံဖြစ်ပြီး ယခု ထပ်မံထောက်ပံ့ရမည့် ငွေကျပ် ၁၀၂ ဒသမ ၆၅၄ ဘီလီယံဖြစ်ပါကြောင်း။

တင်ပြပါပြုပြင်ပြီး ခန့်မှန်းခြေစာရင်းမှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လကုန်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ မူလခန့်မှန်းထားသည့်ရငွေများ ပြောင်းလဲခြင်း၊ မူလခန့်မှန်းထားသည့် သုံးငွေများ လျော့နည်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်သည့် ဖြည့်စွက်ခွင့်ပြုငွေများ တောင်းခံခြင်းကြောင့် ဖြစ်ပေါ်လာသည့်ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် အခန်း (၂) ခန်း ပါဝင်ပါကြောင်း၊ အခန်း(၁)မှာ အမည်နှင့်အကျိုးသက်ရောက်သည့် ကာလဖြစ်ပြီး အခန်း(၂)မှာ နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း ဖြစ်ပါကြောင်း၊ ယမန်နှစ်ဥပဒေနှင့် ယခုနှစ် ဥပဒေကြမ်းကွာခြားချက်မှာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း မပြုသောဌာနများအား ဤဥပဒေတွင် ထည့်သွင်းဖော်ပြခြင်း မရှိပါကြောင်း။

ဆက်လက်၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများအနက် ကာလလတ်ဘဏ္ဍာရေးမူဘောင်ရေးဆွဲခြင်းကိစ္စကို ရှင်းလင်းတင်ပြလိုပါကြောင်း။

ကာလလတ်ဘဏ္ဍာရေး မူဘောင်ဆိုသည်မှာ လာမည့်ဘဏ္ဍာရေးနှစ် မေခရိုစီးပွားရေးညွှန်ကိန်းများဖြစ်သည့် Real GDP တိုးတက်မှုနှုန်း၊ Nominal GDP ပြောင်းလဲမှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံခြားငွေလဲလှယ်မှုနှုန်း၊ သွင်းကုန်တိုးတက်မှုတို့ကိုအသုံးပြု၍ ပြီးခဲ့သည့် သုံးနှစ်တာ ကာလရငွေနှင့် သုံးငွေစာရင်းပေါ်အခြေခံပြီး လာမည့် သုံးနှစ်စာအတွက် ဘဏ္ဍာငွေအရအသုံးများကို ကြိုတင်ခန့်မှန်းတွက်ချက်လျာထား၍ ဘဏ္ဍာရေးနှစ်အတွက် ရငွေများကို သတ်မှတ်လျာထားပေးခြင်း၊ သုံးငွေများကို သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံတော်၏ ရည်မှန်းချက်မူဝါဒများကို ပိုမိုထိရောက်စွာ အထောက်အကူပြု သုံးစွဲနိုင်စေရန် ဖြစ်ပါကြောင်း။

ယခုအခါ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွက် ကာလလတ် ဘဏ္ဍာရေးမူဘောင်ကို ပဏာမရေးဆွဲထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကာလလတ်ဘဏ္ဍာရေးမူဘောင်ကိုအခြေခံ၍ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြည်ထောင်စုက ထောက်ပံ့ရမည့်ငွေများကို လည်းကောင်း၊ စနစ်တကျခန့်မှန်းတွက်ချက်၍ စီမံကိန်းလိုအပ်ချက်အတွက် အောက်ခြေမှ အထက်သို့တင်ပြခြင်းနှင့် ဘဏ္ဍာငွေခွဲဝေချထားပေးနိုင်မည့် ပမာဏအား အထက်မှအောက်ခြေသို့ ချမှတ်ပေးခြင်းတို့အား ပေါင်းစပ်ကျင့်သုံး ရေးဆွဲမည့်ပုံစံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများကို ဆွေးနွေးခြင်း၊ ဥပဒေကြမ်းဖြင့် တင်ပြထားသော ရငွေသုံးငွေများကို ဆွေးနွေးခြင်း စသည့်နည်းလမ်းများအတိုင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၄)နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ကန့်ကွက်ခြင်းများ ပြုလုပ်ကြပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကြသည်။

**(သတင်းစဉ်)**

# ဆင်ချောင်း(စံပြ)ကျေးရွာ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဆင်ချောင်း(စံပြ)ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်သည် နိုင်ငံတော်သမ္မတ၏ သာသနာရေးဆိုင်ရာ အကြံပေးအဖွဲ့ခေါင်းဆောင် သူရဦးမြင့်မောင်နှင့်အတူ တက်ရောက်ခဲ့သည်။**

အခမ်းအနားတွင် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဒေသဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားအားလုံး ပညာရည်အဆင့်မြင့်မားစေရန် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာရေးဘတ်ဂျက်များကို တိုးမြှင့်ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်ပေးနေချိန်တွင် မိဘဆရာ ကျောင်းသူကျောင်းသားများနှင့် ကျောင်းအကျိုးတော်ဆောင်များ ဘက်ကလည်း ပညာရေး ရည်မှန်းချက်ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသို့ ချီတက်နေချိန်တွင် လူတိုင်းပညာတတ်မြောက်ရန်နှင့် နိုင်ငံရေးအသိပညာဗဟုသုတရှိရန် အရေးကြီးပါကြောင်း၊ နိုင်ငံရေးသည် နိုင်ငံသားတိုင်း၏ အရေးဖြစ်သည့်အတွက် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်ကြောင်း၊ ဥပဒေစည်းမျဉ်း စည်းကမ်းများကို လူတိုင်းက လိုက်နာရန်လိုအပ်ကြောင်း၊ တာဝန်ဝတ္တရားများကို လူတိုင်းက ကျေပွန်ရမည်ဖြစ်ပြီး အထူးသဖြင့် နိုင်ငံသားတာဝန်ကို ကျေပွန်ရမည်ဖြစ်ကြောင်း ပြောကြားသည်။




ကျောင်းသားဗဟိုပြု သင်ကြားနည်းစနစ်ကိုယခုနှစ်မှစ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည်ဖြစ်ရာ ကျောင်းသားကျောင်းသူများကိုယ်တိုင်က သင်ခန်းစာများကို အိမ်နှင့်စာကြည့်တိုက်တွင် ကြိုတင်လေ့လာရှာဖွေ မှတ်သားခဲ့ရမည်ဖြစ်ပြီး စာသင်ခန်းထဲတွင် မိမိတို့သဘောပေါက်နားလည်သည့်အတိုင်း ဆရာ ဆရာမများကို ရှင်းလင်းတင်ပြရမည် ဖြစ်ကြောင်း၊ မှန်ကန်သည့် ဒီမိုကရေစီအသိအမြင်ရှိအောင် စာသင်ကျောင်းများက စာသင်ကြားပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မောင်ချစ်ကိုထွန်း၊ မသဲပွင့်ဖြူနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သည့် ဆရာဦးအောင်ကျော်စိုးတို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)**

ယင်းနောက် တာဝန်ရှိသူများက အတန်းအသီးသီးမှ ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ကြားရေး အထောက်အကူပြု စာအုပ်စာတမ်းများ၊ ဗလာစာအုပ်များ၊ အလှူငွေများကို ထောက်ပံ့ချီးမြှင့်ပေးအပ်ပြီး ကျောင်းသားကျောင်းသူများက အဆိုအကများဖြင့် တင်ဆက် ဖြေဖျော်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေး အထွေထွေရောဂါကု ဆေးကုသဆောင်သစ်အတွက် ငွေလှူ

**မန္တလေး အောက်တိုဘာ ၂၀**

ကျေးဇူးရှင်ဖခင်ကြီး ဦးငယ်-မိခင်ကြီး ဒေါ်တင်တင်တို့ကို ရည်စူးဦးထိပ်ထား၍ မန္တလေးမြို့ ဒေါ်တင်တင်သဘော်ာဆေးရောင်းဝယ်ရေးမိသားစုများက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ကိုးထပ် ဆေးကုသဆောင်သစ်အတွက် ငွေကျပ်သိန်း ၁၂၀ လှူဒါန်းခြင်းကို ကိုးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ဦးဝင်းမြင့်နှင့် မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းတို့က လက်ခံယူခဲ့ကြသည်။

**(ကျန်းမာရေး)**

## အောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့၌ တပ်နယ်မှ အရာရှိ/စစ်သည်၊ မိသားစုများအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ရန်အောင်မြင်ခန်းမ၌ တပ်နယ်မှ အရာရှိ/စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စိုးထွဋ်နှင့် တပ်နယ်မှ အရာရှိ/စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူထဲက ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော် ဖြစ်သည်နှင့်အညီ ပြည်သူနှင့် တညီတညွတ်တည်းဖြစ်စေရန် အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်ကြရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရန် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိအောင် အသုံးချရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး အရာရှိ /စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တအဂ္ဂိယအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ/စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြဝတီ)

## ပြည်တွင်းသတင်း

**❁ ကျောဖုံးမှ**

မြန်မာနိုင်ငံအတွင်း အိမ်ထောင်စုများကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးစီမံကိန်း ၁၅ ခုရှိနေပြီး ယင်းစီမံကိန်းနှင့် လုပ်ငန်းများပြီးစီးပါက ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ လောလောဆယ်အခြေအနေ၌ ဓာတ်အားသုံးစွဲနိုင်မှုအခြေအနေမှာ လိုအပ်ချက်ရှိနေဆဲ ဖြစ်သော်လည်းလာမည့် ၂၀၃၀ပြည့်နှစ်တွင်တစ်နိုင်ငံလုံး ဓာတ်အားလုံလောက်စွာရရှိနိုင်ရေး ကြိုးစားလျက်ရှိသည်။ **(မြန်မာ့အလင်း)**

**✺ ကျောဖုံးမှ**

အမျိုးသားမီတာ ၁၀၀ ရေကူးပြိုင်ပွဲတွင် နိုင်စစ်အောင်၊ အောင်ငြိမ်းဦးတို့က ကြေးတံဆိပ်တစ်ခုစီ ရရှိထားကာ ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# အာရှယူ-၁၉ အကြိုဗိုလ်လုပွဲ အိမ်ရှင်မြန်မာ ကာတာကို ရှုံးနိမ့်၍ ဗိုလ်လုပွဲနှင့်လွဲ

**ရန်ကုန် အောက်တိုဘာ ၂၀**

အိမ်ရှင်မြန်မာနှင့်ကာတာတို့ ယနေ့ည ၇ နာရီတွင် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်း ဘောလုံးကွင်း၌ အာရှယူ-၁၉ အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ကာတာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အိမ်ရှင်ပရိသတ်အားဖြင့် အနိုင်ရရှိရေး ကြိုးစားကစားခဲ့သော်လည်း ကာတာတို့က ပွဲချိန် ၄၄မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းအပြီးတွင် မြန်မာတို့က တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပိုင်း ၆၁မိနစ်တွင် တိုက်စစ်မှူး အောင်သူက ချေပဂိုးကို လှလှပပသွင်းယူခဲ့သည်။ ချေပဂိုးရရှိ၍ မြန်မာတို့ အားတက်လာပြီး ဖိကစားခဲ့ရာ ၆၃ မိနစ်တွင် ငြိမ်းချမ်းအောင်က အောင်သူ၏ တည်ကန်ဘောမှတစ်ဆင့် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ၇၅ မိနစ်တွင် ကာတာမှ ဒုတိယချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် နှစ်ဂိုးစီသရေကျခဲ့သည်။

အချိန်ပိုဆက်လက်ကစားရာ ပွဲအစ နှစ်မိနစ်တွင် ကာတာက တတိယဂိုးသွင်းယူခဲ့ပြီး ပွဲအပြီးတွင် မြန်မာတို့ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အခြားအကြိုဗိုလ်လုပွဲတွင် မြောက်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန်တို့ ယှဉ်ပြိုင်ကစားရာ မြောက်ကိုရီးယားက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အောက်တိုဘာ ၂၃ ရက် ည ၇ နာရီတွင် သုဝဏ္ဏကွင်း၌ ဗိုလ်လုပွဲအဖြစ် မြောက်ကိုရီးယားနှင့်ကာတာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **စိုးညွန့်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မီကာဆာဟိုတယ်၌ ကျင်းပခဲ့သည်။** (အောက်ယာပုံ)

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည့် မဲဆန္ဒရှင်စာရင်း ပြုစုခြင်း ရှေ့ပြေးစီမံချက်မှ ရရှိခဲ့သော အတွေ့အကြုံ သင်ခန်းစာများကို မျှဝေရန်နှင့် တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင် စာရင်းပြုစုခြင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ အသိပေး ရှင်းလင်းခြင်းပင်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရေးဆွဲထားသည့် မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈) ရည်မှန်းချက်တွင် ပါဝင်သည့် မဟာဗျူဟာအနေဖြင့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်နေသူများ၏ ထောက်ပံ့ကူညီမှုကို ရယူခြင်း၊ မဲဆန္ဒရှင်စာရင်းဆိုင်ရာ အချက်အလက်များကို ကွန်ပျူတာ၊ အင်တာနက် စသည့်နည်းပညာများ အသုံးပြုကာ တစ်နေရာတည်းတွင် ပေါင်းစည်းခြင်းနှင့် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် အချက်လက်များကို စုစည်းကာ ပိုမိုပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ပြုစုရန်ပင်ဖြစ်ကြောင်း၊

ရွေးကောက်ပွဲကော်မရှင် အနေဖြင့် ပြည်သူများနှင့် မဲဆန္ဒရှင်များအား အသိပညာပေးလုပ်ငန်းများကို နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ မီဒီယာများနှင့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူသွားမည်ဖြစ်သောကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပူးပေါင်းဆောင်ရွက်နိုင်သော နည်းလမ်းများနှင့် အကြံဉာဏ်များကို ပါဝင် ဆွေးနွေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်က မြန်မာတစ်နိုင်ငံလုံး၌ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရန် လျာထားသည့် လုပ်ငန်းအစီအစဉ်၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း လက်စွဲစာစောင်နှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည့် PACE မှ ဦးစိုင်းရဲကျော်စွာမြင့်က ရွေးကောက်ပွဲ စောင့်ကြည့်အကဲခတ်သူများ လိုက်နာရမည့် ကျင့်ဝတ်ရေးဆွဲနိုင်ရေး အတွက် ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက ပူးပေါင်းဆွေးနွေးခဲ့ကြသည်။




ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲ ကျင်းပချိန်တွင် CSO များအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း နှစ်ပိုင်းရှိကြောင်း၊ မဲစာရင်းကောက်ယူခြင်းနှင့် မဲဆန္ဒရှင်ပညာပေးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် အရေးကြီးပြီး လူတော်လူကောင်းများ လွှတ်တော်တွင်း ရောက်ရှိရန်လိုကြောင်း၊ ကြိုတင်မဲပေးစနစ်နှင့် ပက်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများအား ရှင်းလင်းခဲ့ပြီး၊ Observer များအနေဖြင့် သိက္ခာသမာဓိရှိသော ဘက်မလိုက်သော ဂုဏ်ရှိသော အဖွဲ့အစည်းများ ဖြစ်စေလိုကြောင်း၊ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများအား နှံ့နှံ့စပ်စပ် သိရှိအောင် လေ့လာစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင် အတွင်းရေးမှူး၊ ကော်မရှင်မှ ဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲအရာရှိ၊ IFES (International Foundation for Electoral Systems)၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ၄၄ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် INGO ကိုးဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရှိရသည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၄ မတ်လ ၁၃ နှင့် ဒုတိယအကြိမ်ကို ၂၀၁၄ မေလ ၁၆ ရက်တွင် ပြုလုပ်ခဲ့သည်။

**(သတင်းစဉ်)**

**❍ ကျောဖုံးမှ**

ဒုတိယပိုင်းတွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ကစားခဲ့ကြပြီး ပွဲချိန် မိနစ် ၈၀ တွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရရှိ၍ အဆိုပါ ပယ်နယ်တီကို ကျော်ကိုကိုက ကန်သွင်းရာ ဂိုးဝင်သဖြင့် မြန်မာတို့က နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ပွဲပြီးခါနီး အချိန်ပိုလေလွင့်ချိန်တွင် လာအိုအသင်းမှ ဆွစ်ဆာဗန်က ပယ်နယ်တီမှ ဂိုးကန်သွင်းခဲ့သဖြင့် ပွဲအပြီးတွင် မြန်မာအသင်းက အိမ်ရှင်လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲကို အုပ်စုဗိုလ်ဖြင့် အောင်မြင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဗိုလ်ဖြင့် အောင်မြင်ခဲ့သဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပမည့် ၂၀၁၄ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(က)၌ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်တို့နှင့် အုပ်စုပွဲ ကစားရမည်ဖြစ်သည်။

လာအိုအသင်းမှာ အုပ်စုဒုတိယရရှိသဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပမည့် အုပ်စုပွဲတွင် အုပ်စု(ခ) ၌ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူတို့နှင့် ကစားရမည်ဖြစ်သည်။

**သီဟ-ရေးသည်**

# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်များသည် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်း၏ယာဘက်အစွန်ယာဉ်ကြော(ဘတ်စ်ကားယာဉ်ကြော)မှ မောင်းနှင်သွားလာခြင်းမပြုရန်နှင့် လက်ယာဘက်သို့ ကွေ့လိုမှသာ ဝင်ရောက်မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်သည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အဖွဲ့ချုပ်မှ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၁၇ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်းဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ Hill Resort Hotel ၌ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ ဟိုတယ်မန်နေဂျာများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း (မန္တလေးဇုန်)မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ဟိုတယ်များတွင် စီမံခန့်ခွဲသည့် တာဝန်ရှိသူမှအစ ဝန်ထမ်းများအားလုံး လုံခြုံရေးအသိအမြင်ရှိရန် လိုအပ်မှုများနှင့် ဟိုတယ်များ၌ ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လာခဲ့ပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ရှင်းလင်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ကြမည့် ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်များ အဆင်ပြေစွာတည်းခိုနေထိုင်နိုင်ရေးအတွက် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒုတိယအကြိမ်အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် မိတ်ဖက်နိုင်ငံများမှ ဧည့်သည်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ဟိုတယ်များအနေဖြင့် ဧည့်သည်များ၏ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးအပိုင်းများတွင် အဆင်ပြေအောင် အလေးထားဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း၊ ဧည့်သည်များအား ကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုအပိုင်း၌ အဆောက်အအုံပိုင်းအပြင် ဟိုတယ်ဝင်းအတွင်းရှိ ပတ်ဝန်းကျင်မြေယာ အခင်းအကျင်းများကိုပါ သပ်ရပ်စွာလှပအောင် ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ မိမိတို့ ကျွေးမွေးမည့်အစားအစာများ သန့်ရှင်းလတ်ဆတ်ရေး၊ ဧည့်သည်တော်များလုံခြုံရေးတို့နှင့် စပ်လျဉ်း၍ အထူးဂရုပြုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဟိုတယ်အထွေထွေမန်နေဂျာများမှ ၎င်းတို့သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်းရှေ့တွင် ကားနှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ အမှတ်(၁၀)ရဲကင်းအပိုင်နယ်မြေအတွင်း ပျဉ်းမနား-တောင်ညို လမ်းမကြီးပေါ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ မြားပစ်အားကစားကွင်းရှေ့တွင် အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ ၄၅ မိနစ်က ဆွာလမ်းဆုံဘက်မှ ဝဏ္ဏသိဒ္ဓိအဝိုင်းဘက်သို့ ယာဉ်မောင်း အေးမောင်မောင်ကျော် (၃၃နှစ်) သုခသိဒ္ဓိရပ်ကွက်နေသူ မောင်းနှင်လာသော Pro Box ယာဉ်သည် လမ်း၏ဝဲဘက်ယာဉ်ကျောသို့ အရှိန်လွန်မောင်းနှင်ရောက်ရှိခဲ့ပြီး ဝဏ္ဏသိဒ္ဓိအဝိုင်းဘက်မှ ဆွာလမ်းဆုံသို့ ဆိုင်ကယ်မောင်းနှင်လာသူ ကိုဇော်ဝင်း(၃၉ နှစ်) သစ်ဆိမ့်ပင်ရွာ ကင်မွန်းတန်း ပျဉ်းမနားမြို့နေသူကို ဝင်ရောက်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ကိုဇော်ဝင်းမှာ ဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

၎င်းယာဉ်တိုက်မှုနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**



ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့်ကားနှင့် ဆိုင်ကယ်ကို တွေ့ရစဉ်။

# ဝန်းသိုမြို့၌ ကျောက်ကျင်းတွင် တုံးထိုးစဉ် လိမ့်ကျပြီး လူတစ်ဦးသေဆုံး

**ကသာ အောက်တိုဘာ ၂၀**

ကသာခရိုင် ဝန်းသိုမြို့နယ် မကျည်းပင်အုပ်စု သက္ကယ်ကျင်းရွှေမှော်ရှိ ကျောက်ကျင်းတွင် တုံးထိုးစဉ်လိမ့်ကျပြီး လူတစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်သောင်းတင်သည် ဝန်းသိုမြို့မရဲစခန်းတွင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် ဝန်းသိုဆေးရုံ၌ ကျောက်ကျင်းတွင် တုံးထိုးရာမှ ပြုတ်ကျသေဆုံးသူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားကြည့်ရှုစစ်ဆေးခဲ့ရာ ဝန်းသိုမြို့နယ် ဝင်းကြီးရွာနေ ရန်ပိုင်စိုး(၂၀နှစ်)သည် ကျောက်ကျင်းတွင် တုံးထိုးစဉ်လိမ့်ကျပြီး ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း တွေ့ရသဖြင့် ဝန်းသိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ရှယ်ယာဝင်သည့် မြန်မာအလုပ်သမားနှစ်ထောင်ကျော် အလိမ်ခံရ

**ဗန်ကောက် အောက်တိုဘာ ၂၀**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာဝင်ကြသည့် မြန်မာအလုပ်သမား ၂၀၀၀ ကျော်ကို တစ်ဦးလျှင် ဘတ်ငွေတစ်သောင်းနှုန်းဖြင့် စုစုပေါင်း နှစ်ဆယ့်ကိုးသန်းသုံးသိန်းနှစ်သောင်းကိုးထောင့်ငါးရာ ကိုးဆယ့်သုံးဘတ် လိမ်လည်ခံရကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)မှ အတွင်းရေးမှူး ဦးခိုင်ကြီးက အောက်တိုဘာ ၁၉ ရက်က ဆက်သွယ်ပြောကြားသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ ဘန်ဘောရပ်ကွက် မူဘာန့်ဒီကေအနီး၌ ဖွင့်လှစ်ထားသော SUNJAOPING (666) ကုမ္ပဏီက ၎င်းကုမ္ပဏီပိုင် အစုရှယ်ယာများကို တစ်စုလျှင် ထိုင်းနိုင်ငံသုံးဘတ်ငွေ တစ်သောင်းနှုန်းဖြင့် အစုရှယ်ယာဝင်မည်ဆိုပါက လေးလပြည့်လျှင် ဘတ်ငွေလေးသောင်းအတိုးရရှိမည်ဟုဆိုကာ ယခုနှစ်စပိုင်းက မြန်မာအလုပ်သမားများအား ပြောဆိုစည်းရုံးခဲ့သဖြင့် အနီးအနားရှိ မြန်မာအလုပ်သမား ၂၀၀၀ ကျော်ခန့်မှာ ကုမ္ပဏီ၏ အစုရှယ်ယာများကိုဝယ်ယူခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ အစုရှယ်ယာဝင်ခဲ့သော မြန်မာအလုပ်သမားများမှာ ယခုအခါ တစ်နှစ်နီးပါးရှိလာခဲ့ပြီဖြစ်သော်လည်း ကုမ္ပဏီမှအတိုးငွေဟုဆိုသောအမြတ်ငွေလည်းမရရှိဘဲ အစုရှယ်ယာဝင်ထားသော ရင်းနှီးမြှုပ်နှံထားသည့် ဘတ်ငွေတစ်သောင်းမှာလည်း ပြန်မရကြတော့သဖြင့် မြန်မာအလုပ်သမား ဦးရေ စုစုပေါင်း ၂၀၀ ခန့်က အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ဖလန်ဆောင်ကုန်တိုက် အနောက်ဘက်ရှိ ပန်းခြံတစ်ခု၌စုရုံးကြကာ ၎င်းတို့ လက်ရှိကြုံတွေ့နေရသော လိမ်လည်မှုအတွက် ဖြေရှင်းပေးရန် MAT အဖွဲ့မှ အတွင်းရေးမှူးဖြစ်သူ ဦးခိုင်ကြီး၊ ကိုခွန်နှင့် ဆရာတော် ဦးဇောတိကတို့ကို ပင့်ဖိတ်အကူညီ တောင်းခံခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ဆရာတော်ဦးဇောတိကနှင့် MATအဖွဲ့အတွင်းရေးမှူးဖြစ်သူ ဦးခိုင်ကြီးတို့က အစုရှယ်ယာဝင်မြန်မာအလုပ်သမားများကို ခေါ်ဆောင်ကာ အဆိုပါ ကုမ္ပဏီဖွင့်ရာနယ်မြေရှိ ထာ့ခန်မြို့မရဲစခန်း၌ သွားရောက် အမှုဖွင့်တိုင်တန်းပေးခဲ့ကြောင်း၊ ယခုဖြစ်စဉ်ကို နှစ်ဖက်ညှိနှိုင်းပြေလည်စေရေးအတွက် နယ်မြေခံ ထိုင်းရဲတပ်ဖွဲ့ဝင်များမှ SUN-JAOPING(666) ကုမ္ပဏီရုံးသို့ သွားရောက်ရာ အဆိုပါကုမ္ပဏီရုံးခန်းမှာပိတ်ထားပြီး ရှောင်တိမ်းနေကြောင်းနှင့် လောလောဆယ်အချိန်အထိ နှစ်ဖက် ပြေလည်မှုရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိနေကြောင်းဖြင့် စုံစမ်းသိရသည်။ **စိုးဝင်း**

# မြစ်ကြီးနား၌ လုပ်ငန်းခွင်ဝင် အကြိုသင်တန်းဆင်း

**မြစ်ကြီးနာ အောက်တိုဘာ ၂၀**

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်ထားသည့် အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ/စက်မှု) လုပ်ငန်းခွင်ဝင်အကြိုသင်တန်း အမှတ် စဉ် (၁/၂၀၁၄)သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါးတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူ တစ်ဦးချင်းဆီသို့ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်နှင့်မြို့များမှ အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ/စက်မှု)သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ပြီး စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ ရက် သတ္တလေးပတ်ကြာ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် အင်ဂျင်နီယာဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **မိုဃ်းကျ(မြစ်ကြီးနား)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**နေပြည်တော်**
**(၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၀ရက်)**
**ဒုတိယဦးစီးမှူးရာထူးနေရာများအတွက်**
**လူတွေ့ဖြေဆိုရမည့်ရက် ကြေညာခြင်း**

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယဦးစီးမှူး လစာနှုန်းကျပ်(၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

ခုံအမှတ်
ရုံးချုပ်-စ-၂၄၊ ရုံးချုပ်-စ-၂၅၊ ရုံးချုပ်-စ-၇၁၊ ရုံးချုပ်-စ-၁၀၀၊
ရုံးချုပ်-စ-၁၂၉၊ ရုံးချုပ်-စ-၁၃၄၊ ရုံးချုပ်-စ-၁၄၇၊ ရုံးချုပ်-စ-၁၄၉၊
ရုံးချုပ်-ကွန်ပျူတာ-၉၊ ရုံးချုပ်-ကွန်ပျူတာ-၁၈၊ ရုံးချုပ်-ကွန်ပျူတာ-၂၆၊
ရုံးချုပ်-ကွန်ပျူတာ-၃၇၊
ကချင်-စ-၁၊ ကချင်-စ-၃၊ ကချင်-စ-၁၂၊ ကချင်-စ-၁၃၊ ကချင်-စ-၂၃၊
ကချင်-စ-၃၁၊ ကချင်-ကွန်ပျူတာ-၁၊
ကယား-စ-၂၊ ကယား-စ-၁၄၊
ကရင်-စ-၁၁၊ ကရင်-စ-၁၂၊ ကရင်-စ-၁၄၊
ချင်း-စ-၄၃၊
စစ်ကိုင်း-စ-၁၂၊ စစ်ကိုင်း-စ-၄၈၊ စစ်ကိုင်း-စ-၇၀၊ စစ်ကိုင်း-စ-၇၅၊
စစ်ကိုင်း-စ-၁၀၈၊ စစ်ကိုင်း-စ-၁၁၀၊ စစ်ကိုင်း-စ-၁၁၃၊ စစ်ကိုင်း-စ-၁၁၄၊
စစ်ကိုင်း-စ-၁၂၁၊ စစ်ကိုင်း-စ-၁၂၂၊ စစ်ကိုင်း-စ-၁၂၇၊ စစ်ကိုင်း-စ-၁၂၉၊
စစ်ကိုင်း-စ-၁၃၁၊ စစ်ကိုင်း-စ-၁၃၉၊ စစ်ကိုင်း-စ-၁၄၀၊ စစ်ကိုင်း-စ-၁၄၁၊
စစ်ကိုင်း-စ-၁၅၄၊ စစ်ကိုင်း-စ-၁၅၆၊ စစ်ကိုင်း-စ-၁၆၃၊ စစ်ကိုင်း-စ-၁၆၉၊
စစ်ကိုင်း-စ-၁၈၈၊ စစ်ကိုင်း-စ-၂၀၂၊ စစ်ကိုင်း-စ-၂၁၇၊ စစ်ကိုင်း-စ-၂၁၈၊
စစ်ကိုင်း-စ-၂၂၈၊ စစ်ကိုင်း-စ-၂၂၉၊ စစ်ကိုင်း-စ-၂၄၆၊ စစ်ကိုင်း-စ-၂၅၃၊
စစ်ကိုင်း-ကွန်ပျူတာ-၂၂၊ စစ်ကိုင်း-ကွန်ပျူတာ-၂၅၊ စစ်ကိုင်း-ကွန်ပျူတာ-၂၈၊
စစ်ကိုင်း-ကွန်ပျူတာ-၃၂၊ စစ်ကိုင်း-ကွန်ပျူတာ-၄၃၊ စစ်ကိုင်း-ကွန်ပျူတာ-၄၄၊
စစ်ကိုင်း-ကွန်ပျူတာ-၄၅၊
တနင်္သာရီ-စ-၁၁၊ တနင်္သာရီ-စ-၁၂၊ တနင်္သာရီ-စ-၁၄၊
တနင်္သာရီ-ကွန်ပျူတာ-၁၊ တနင်္သာရီ-ကွန်ပျူတာ-၂၊
ပဲခူး-ကွန်ပျူတာ-၄၊ မကွေး-ကွန်ပျူတာ-၁၅၊
မန္တလေး-စ-၁၆၊ မန္တလေး-စ-၄၅၊ မန္တလေး-စ-၆၅၊ မွန်-စ-၂၊ မွန်-စ-၃၊
မွန်-စ-၇၊ မွန်-စ-၁၆၊ မွန်-စ-၁၇၊ မွန်-စ-၁၉၊ မွန်-စ-၂၀၊
မွန်-ကွန်ပျူတာ-၁၊ မွန်-ကွန်ပျူတာ-၂၊ မွန်-ကွန်ပျူတာ-၄၊
ရန်ကုန်-စ-၇၂၊ ရန်ကုန်-စ-၉၉၊ ရန်ကုန်-ကွန်ပျူတာ-၁၊
ရန်ကုန်-ကွန်ပျူတာ-၉၊ ရန်ကုန်-ကွန်ပျူတာ-၁၄၊
ရှမ်း-စ-၃၊ ရှမ်း-စ-၁၈၊ ရှမ်း-စ-၂၅၊ ရှမ်း-စ-၃၇၊ ရှမ်း-စ-၄၂၊
ရှမ်း-စ-၄၃၊
ဧရာဝတီ-စ-၃၊ ဧရာဝတီ-စ-၄၊ ဧရာဝတီ-စ-၄၅၊ ဧရာဝတီ-ကွန်ပျူတာ-၂၊
ဧရာဝတီ-ကွန်ပျူတာ-၉၊

၂။ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏အမည်စာရင်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများတွင် ၂၁-၁၀-၂၀၁၄ ရက်မှစ၍ ကြေညာထားမည်ဖြစ်ပါသည်။

၃။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို အောက်ပါနေ့ရက်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်-

| ဖြေဆိုမည့်ရက် | နေရာ | အချိန် |
|---|---|---|
| ၁၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) | စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရုံးချုပ်)ရုံးအမှတ်(၁)၊ နေပြည်တော် | ၉း၀၀နာရီမှ ၁၆း၀၀နာရီ |

၄။ လူတွေ့စစ်ဆေးမှုခံယူရန် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁)နေပြည် တော်သို့ ၂၄-၁၀-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် အောက်ပါ တို့ကို ယူဆောင်လာရမည်ဖြစ်ပါသည်-
(က) ဘွဲ့လက်မှတ်မူရင်း
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်)အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကြီးဝိုင်း အတွင်း သစ်တောဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်း၍ ဆိုင်ကလုန်းဒဏ်ခံရသည့် ဒေသများ၌ သဘာဝဘေးအန္တရာယ်မှ အကာအကွယ်ပေးသည့်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် အဓိကရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် အောက်တိုဘာ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးအား Hazama Ando Coporation၊ Kokusai Kogyo Co.,Ltd.နှင့် Royal Tree Services Co.တို့မှ တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက စီမံကိန်းဧရိယာအတွင်း တူးဖော်ထားသည့်ရေတွင်းမှ ရေချိုထွက်ရှိမှုအခြေအနေ၊ ဒီရေတော ပျိုးဥယျာဉ်နှင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ဧရာဝတီ တိုင်းဒေသကြီးအတွင်း ၂၀၀၈ ခုနှစ် နာဂစ်မတိုင်မီ ဒီရေတောစိုက်ခင်းလေးသောင်းခန့်နှင့် နာဂစ်လွန်ကာလ၌ ဒီရေတောစိုက်ခင်း တစ်သောင်းလေးထောင်ကျော် တည်ထောင်စိုက်ပျိုးခဲ့ပြီး ဒီရေတောများ အပါအဝင်ကမ်းရိုးတန်းဒေသ ဂေဟစနစ်များ ရေရှည်တည်တံ့စေရေး၊ စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရေး အတွက် ဒီရေတောမူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲ၍ သစ်တောဦးစီးဌာနအောက်တွင် ဒီရေတောဌာနတစ်ခု ဖွင့်လှစ်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းဧကနှစ်ထောင်ကျော် စိုက်ပျိုးတည်ထောင်ရေးအတွက် စည်းရုံးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေး စီမံကိန်းကိုလည်း ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ JICA နှင့်ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းစီမံကိန်းက ဒီရေတောစိုက်ခင်း ၂၈၅၂ ဧက၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံတစ်လုံးတို့ကို တည်ထောင်ဆောက်လုပ်ပေးသွားမည့်အပြင် ဆိုင်ကလုန်းအကာအကွယ်များကို အသုံးပြုခြင်းအပါအဝင် အရေးပေါ်အခြေအနေအတွက် လေ့ကျင့်ပြင်ဆင်ရန် နည်းလမ်းများကို သင်တန်းပို့ချခြင်းနှင့် ဒီရေတောစိုက်ခင်းများ မတည်ထောင်မီနှင့် တည်ထောင်ပြီးနောက်ပိုင်း ဒီရေတောဂေဟစနစ်အတွင်း ရေနေသတ္တဝါများ ပေါက်ပွားရှင်သန်ပွားများလာမှုအခြေအနေကို စာရင်းကောက်ယူနှိုင်းယှဉ်လေ့လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီရေတောများကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌အများဆုံး တွေ့ရသည်။ မြန်မာနိုင်ငံ၏ ဒီရေတောဧရိယာသည် FAO ၏ ၂၀၁၀ ပြည့်နှစ် သစ်တောသယံဇာတ အကဲဖြတ်ချက်အရ စတုရန်းကီလိုမီတာ ၅၀၀၀ ကျော်ရှိ၍ ကမ္ဘာ့ဒီရေတောဧရိယာ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိသည့်အတွက် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဒီရေတောများသည် စိုက်ပျိုးမြေများကို ပင်လယ်ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိနိုင်ခြင်းစသည့် တိုက်ရိုက်နှင့် သွယ်ဝိုက် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# အမြန်ရေယာဉ်နှင့် ကင်းလှည့်ရေယာဉ်များ ရေချ

**စစ်တွေ အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဝယ်ယူထားသော အမြန်ရေယာဉ်နှစ်စင်းနှင့် ကင်းလှည့်ရေယာဉ်တစ်စင်းတို့အား ရေချပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးအနီး ဆိပ်ခံတံတား၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် သဘာဝဘေး အန္တရာယ်ကျရောက်စဉ်နှင့် ဘေးအန္တရာယ်ကျရောက်မှုတွင် ရှာဖွေကယ်ဆယ်ခြင်း၊ ထောက်ပံ့ခြင်းလုပ်ငန်းများကို အချိန်တိုအတွင်း ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရေယာဉ်များကို ဝယ်ယူခြင်းဖြစ်ပါကြောင်းနှင့် ကျန်းမာရေးကိစ္စများအပြင် အခြားအထွေထွေကိစ္စရပ်များအတွက်ပါ ဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် အမှာစကားပြောကြားသည်။ ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်က အမြန်ရေယာဉ်နှစ်စင်းနှင့် ကင်းလှည့်ရေယာဉ် တစ်စင်းတို့၏ သက်ဆိုင်သည့်အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Light Of Time Managing Director က အမြန်ရေယာဉ်နှစ်စင်းနှင့် သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများ အားလည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကင်းလှည့်ရေယာဉ်တစ်စင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှတ်တရဂုဏ်ပြုသစ်သီးခြင်းများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အား အမြန်ရေယာဉ်ဝန်ထမ်းများက အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အမြန်ရေယာဉ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမြန်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား အမြန်ရေယာဉ်များပေါ်သို့ပင့်ဆောင်၍ ပေါက်တောမြို့သို့ စမ်းသပ်မောင်းနှင်ပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အာဆီယံစီးပွားရေးဆုနှင့် နိုင်ငံအလိုက် ထူးချွန်ဆုများ ချီးမြှင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများသည် အာဆီယံစီးပွားရေးဆု (ASEAN Business Award) နှင့် နိုင်ငံအလိုက်ထူးချွန်ဆု (National Winner) ဆုများအတွက် ဝင်ရောက်ယှဉ်ပြိုင်ထားရာ လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အာဆီယံစီးပွားရေးဆုအတွက် အာဆီယံဒေသမှ ကုမ္ပဏီပေါင်း ၁၂၀ ကျော်ပါဝင်ယှဉ်ပြိုင်ထားသည်။ ဆုအမျိုးအစား ခြောက်မျိုးတွင် အမျိုးအစားအားလုံးအတွက် စာရင်းပေးဝင်ရောက်ယှဉ်ပြိုင်ထားသည့် နိုင်ငံများမှာ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့ဖြစ်သည်။ ဖိလစ်ပိုင်သည် ဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီအရေအတွက် အများဆုံးဖြစ်ပြီး မြန်မာနိုင်ငံက ဒုတိယအများဆုံးဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းစီမံအုပ်ချုပ်မှု ကောင်းမွန်ခြင်းဆု၊ ဆန်းသစ်တီထွင်ခြင်းဆု၊ အာဆီယံဒေသကြီး တစ်ခုလုံးတွင် ပျံ့နှံ့စွာ လုပ်ကိုင်နိုင်ခြင်းဆု၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဆု၊ လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်ဆုနှင့် အမျိုးသမီးစီးပွားရေးခေါင်းဆောင်ဆုများကို ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ASEAN Business Award အတွက် ၂၀၁၄ ခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၁၁ ရက် အထိအာဆီယံ ၁၀ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက် လျှောက်ထားခဲ့ကြပြီး ပြီးခဲ့သည့် စက်တင်ဘာလက နိုင်ငံအလိုက်ထူးချွန်ဆုများကို ရွေးချယ်ခဲ့သည်။

ထိုသို့နိုင်ငံအလိုက် ထူးချွန်ဆုရရှိသူများမှ အာဆီယံစီးပွားရေးထူးချွန်ဆုကို ထပ်မံရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများကို နေပြည်တော်တွင်လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ ဆုများချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီများသည် အာဆီယံဒေသ၌ မည်မျှစွမ်းဆောင်နိုင်မှုရှိသည်ကို မကြာမီကျင်းပတော့မည့်ဆုချီးမြှင့်ပွဲတွင် သိရှိရတော့မည်ဖြစ်သည်။

**ဝေယံဦး**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထကတန်းခွဲ၊ အေးမွန်ရွာ၊ တက္ကသိုလ်ဝင်တန်းမှ မပန်းအိဖြူနှင့် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကံမြင့်ကျေးရွာ အမကမူလွန်မှ မယုယုလှိုင်၏ဖခင်အမည်မှန်မှာ ဦးဖြိုးလွင် ၇/ကဝန(နိုင်)၁၀၄၇၄၆ ဖြစ်ပါသည်။

**ဦးဖြိုးလွင်**

**ကန့်ကွက်နိုင်ပါသည်**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ဘိန်းကျေးရွာ၊ ရန်ကုန်-ထားဝယ်ကားလမ်းပေါ်ရှိ ကွင်းအမှတ်(၁၄၇)၊ ကွင်းအမည်(ခမိတ်ကွင်း) ဟုခေါ်တွင်သော ဦးပိုင်အမှတ် (၆/၁)အရ ၃ ဒသမ ၃၀ ဧက၊ ဦးပိုင်အမှတ်(၁/၂)အရ ၁ ဒသမ ၈၀ ဧက၊ ဦးပိုင်အမှတ်(၁/၂)အရ ၄ဒသမ ၅၂ ဧက၊ (စာချုပ်ပါအရဖြစ်ပြီး) စုစုပေါင်း ဧရိယာ ၉ ဒသမ ၆၂ ဧက မှတ်သားတည်ရှိပါသည်။တရားဝင်မြေစာရင်းတွင် အမည်မပေါက်ရသေးသော ဧရိယာ ၁ ဒသမ ၃၇ ဧက အပါအဝင် စုစုပေါင်းဧရိယာ ၁၀ ဒသမ ၉၉ ဧကပါဝင်သော ရော်ဘာခြံကွက်နှင့် ယင်းခြံကွက်ပေါ်ရှိ စိုက်ပျိုးထားသော ရော်ဘာပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားပိုင်ဆိုင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသန်း ၁၀/မဒန(နိုင်)၁၁၅၇၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူဇော် (စဉ်-၁၀၉၁၈) LL.B, D.I.L, WIPO (Switzerland) (အထက်တန်းရှေ့နေ)**
**အမှတ်(၁၄၃)၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆**

Organized by
AVSS Myanmar

YANGON
25th Oct 2014
(SATURDAY)
9 a.m to 5 p.m
Grand Ballroom
PARKROYAL Hotel

FREE ENTRY

MANDALAY
26th Oct 2014
(SUNDAY)
1 p.m to 5 p.m
Ballroom
Swan Hotel

၂၀၁၄ ခုနှစ်၏
ဩစတြေးလျ ပညာရေးပြပွဲကြီး

- အနာဂါတ်အတွက် အထက်တန်း၊ ကောလိပ်နှင့် ထိပ်တန်းတက္ကသိုလ်ပေါင်း (၂၃) ခုမှ ကိုယ်စားလှယ်ကြီးများနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ခြင်း
- ရွေးချယ်ရန်ကျောင်းများနှင့် ဘာသာရပ်များစွာကို တစ်နေရာထဲတွင် လေ့လာနိုင်ခြင်း
- ဩစတြေးလျအစိုးရမှချီးမြှင့်သည့် ပညာသင်ဆုများနှင့် တက္ကသိုလ်များမှချီးမြှင့်သည့် ပညာသင်ဆုများအကြောင်း
- လက်ရှိကျောင်းသားဗီဇာလျှောက်ထားမှု နှင့် ကျောင်းပြီးလျှင်လျှောက်ထားနိုင်မည့် Post Study Work Right Visa များအကြောင်းကို သိရှိနိုင်ရန် လာရောက်လေ့လာဖို့ ဖိတ်ကြားအပ်ပါသည်။

ငှင်းနေ့တွင်ကျောင်းလျှောက်သူများအနေဖြင့် ၆လစာ ကျန်းမာရေးအာမခံ (OSHC) ရရှိမည့်အပြင်၊ iPad Air နှင့် iPad Mini တို့ကို ရရှိရန် ကံစမ်းနိုင်ပါမည်။

ကျောင်းလျှောက်ရန် Passport နှင့် ပညာရေးနှင့် သက်ဆိုင်သော စာရွက်စာတမ်း မူရင်းများယူလာရပါမည်။

FOR MORE INFORMATION
YANGON : No. 127(A), 1st Floor, West Shwe Gone Daing Rd., Bahan Tsp., Yangon, Myanmar.
Tel: (95 9) 45000 6944, 45000 6955
MANDALAY: 2/Ta 765, 69th St., Between 31st & 32nd St., Mandalay, Myanmar.
Tel: (95 2) 74291, (95 9) 4440 29882

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လယ်ဝေးမြို့နယ် ဉသျှစ်လှိုင်းကျေးရွာတွင် စိုက်ပျိုးပညာပေးရေးဟောပြော



**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီ လယ်ဝေးမြို့နယ် ဉသျှစ်လှိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးပညာပေးရေးဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ယင်းကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာမှ တောင်သူ ၃၅၀ ခန့်ကို ရာသီဉတုပြောင်းလဲမှုကြောင့် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ ခေတ်မီစိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရေး၊ ပိုးမွှားရောဂါအန္တရာယ်များ ကြိုတင်ကာ ကွယ်ရေး၊ မျိုးကွဲများပယ်၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်တတ်စေရေး၊ ရိတ်သိမ်းချိန်လွန်စနစ်များ သိရှိလာစေရေး၊ စက်ဖြင့်ရိတ်သိမ်း ခြွေလှေ့ခြင်းနှင့် ရေပေးသွင်းနိုင်ပါက ပဲတီစိမ်း၊ စပ်မျိုးနေကြာတို့ကိုပါ သီးထပ်အဖြစ် စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးကာ လူနေမှုဘဝမြင့်မားလာမည် ဖြစ်ကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ယင်းရွာနေ အကျိုးဆောင်တောင်သူတစ်ဦးဖြစ်သူ ဦးသိန်းလှိုင်က "ကျွန်တော်တို့ရွာဟာ ရေခံမြေခံ အလွန်ကောင်းတဲ့ရွာ ဖြစ်ပါတယ်။ အခုလိုစိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အသိပညာတွေရလာပြီဆိုရင် သီးနှံအထွက်နှုန်းတွေ ပိုကောင်းလာမှာ ဖြစ်ပါတယ်။ ပိုးသတ်ဆေးနဲ့ပတ်သက်လို့လည်း အခုဆိုရင် ကျွန်တော်တို့တောင်သူတွေ တော်တော်ဗဟုသုတ ရလိုက်ပါပြီ။ အဓိကက လမ်းပန်းဆက်သွယ်ရေး ကောင်းမယ်ဆိုရင် လယ်ယာလုပ်ငန်းနဲ့ အသက်မွေးတဲ့ ကျွန်တော်တို့တောင်သူတွေ ရေဒေသဖွံ့ဖြိုးရေးပါ ကောင်းလာ မှာပါ" ဟု ပြောသည်။

အဆိုပါ ဉသျှစ်လှိုင်းကျေးရွာအုပ်စုတွင် ပါဝင်သောရွာများမှာ ဉသျှစ်လှိုင်းကျေးရွာ၊ ကျောက်မီးကူကျေးရွာ၊ ပေပင်ကျေးရွာ၊ ချင်ပြစ်ကျေးရွာ၊ ထိန်တောကျေးရွာ၊ အောင်မင်္ဂလာကျေးရွာတို့ဖြစ်သည်။ အဆိုပါ အုပ်စုဝင်ရွာများတွင် လယ်မြေ ၁၃၉၄ ဧကရှိပြီး ယာမြေ ဧက ၁၈၀၀ ခန့်ရှိကြောင်းသိရသည်။

**ကိုပေါက်(ဉက္ကာမြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၁၀-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၃၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၄-၉၉၇ |
| ဉရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၆၀၀၀-၁၆၂၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၅၀၀-၃၂၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၅၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၇၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၅၀-၁၉၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၅၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၉၀၀-၉၂၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# အလုံမြို့ ကမ်းနားလမ်းသစ် ကွန်ကရစ်လမ်းပေါ်တွင် ယာဉ်တိမ်းမှောက်

**ရန်ကုန် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၂၀ ရက် နံနက် ၁၁နာရီခွဲက ကမ်းနားလမ်းသစ်အတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း ဦးမျိုးညွန့် တောင်ဒဂုံမြို့နယ်နေသူ မောင်းနှင်လာသော Hino Dutro အမျိုးအစား 1H/--- ကုန်တင်ယာဉ်သည် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဧရာဝတီရပ်ကွက် သခင်မြပန်းခြံအနီး မီးပွိုင့်ရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်ရာနေရာသို့ အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ အလုံမြို့နယ်မှဒုရဲမှူးမြင့်ဝေနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဌေးအောင်နှင့်တာဝန်ရှိသူများ ရောက်ရှိလာပြီး ကူညီဆောင်ရွက်ပေးကာ ယာဉ်မောင်းနှင့်ယာဉ်ကို ယာဉ်မှုစစ်ဌာနသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း သိရသည်။**(အောက်ပုံ) တင်မောင်ဦး(အလုံ)**




လစဉ် သိန်း ၆၀ မှ သိန်း ၁၀၀ အထိအမြတ်အစွန်းရရှိနိုင်ခြင်း

**New Business Partner Invitation**

(အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရန်ဖိတ်ခေါ်ခြင်း)




မှဲ့၊ကြွက်နို့၊အရေးအကြောင်း၊တင်းတိပ်၊အမဲစက်ဖယ်ရှားပေးခြင်း၊အမာရွတ်၊တက်တူးဖယ်ရှားပေးခြင်း၊ဝက်ခြံပျောက်ကင်းစေခြင်း၊အသားအရေတင်းရင်းစေခြင်း
Laser Toning & Whitening Peeling, Skin Scrubbing, Vitamin နှင့် Proteinဓာတ်ဖြည့်ပေးခြင်း၊ Keratin ဖယ်ရှားပေးခြင်း၊
Collagen ထည့်ပေးခြင်း၊အဆီချပေးခြင်း၊ချွေးပေါက်ကျဉ်းစေခြင်း၊မွေးရာပါအမှတ်အမျိုးမျိုးဖယ်ရှားပေးခြင်း (All Korea Machines & Solutions)

- အချက်အချာကျ၍ အနည်းဆုံး ပေ ၂၀ × ပေ ၆၀ အရွယ်အစားရှိသည့်နေရာကို ကိုယ်ပိုင်(သို့)ငှားရမ်း၍ လုပ်ငန်းလုပ်ကိုင်နိုင်သောပုဂ္ဂိုလ်
- ရုံးချုပ်မှ လုပ်ငန်းဖွင့်လှစ်ခြင်း၊ Marketing ၊ ကြော်ငြာ၊ Staff Training ကူညီပံ့ပိုးပေးခြင်း
- ရုံးချုပ်သို့ကိုယ်တိုင်လာရောက်စမ်းသပ်၍ ဆွေးနွေးတိုင်ပင်နိုင်ပါရန် ဖိတ်ခေါ်ပါသည်

cosmo Skin Care Center

COSMO GROUP : COSMO WELLNESS CO.,LTD / COSMO HEALTH CARE CENTER / COSMO SKIN CARE CENTER / COSMO MEDICINES & MEDICAL MACHINES

No.103, (2)Ward, Khawel Chan, Mayangone Tsp; Yangon-Insein Rd
Ph: 01 651 956, 650 141, 09 421 044 902


## (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

၁၉-၁၀-၂၀၁၄ ရက်တွင် ကျရောက်ခဲ့သော အစ်ကိုကြီး ဒေါက်တာချိုဝင်းမော် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)နှင့် ဒေါ်ချိုချိုဝင်းတို့၏ မင်္ဂလာနှစ်ပတ်လည် ၂၅နှစ်ပြည့်ငွေရတုမှသည် နောင်နှစ်ပေါင်းများစွာ၊ ရတုပေါင်းများစွာကို သာသနာအကျိုး၊ ဘာသာအကျိုးများကို ပျော်ရွှင်ချမ်းမြေ့စွာ သယ်ပိုးရင်းကျော်ဖြတ်နိုင်ပါစေကြောင်း ဆုတောင်းဆုမွန်များတောင်းလျက်-

**မိခင် - ဒေါ်ခင်မျိုးလှ**
**ညီ - ဒေါက်တာအောင်သူ(UK)**
**ညီမ - ဒေါက်တာမွေးမွေးသင်း (UK)-ဦးမျိုးတင့်(UK)**
**ညီ - ဦးသန့်စင်-ဒေါ်အေးအေးခိုင်**
**ညီမ - ဒေါ်အေးအေးသင်း(အေးမ)**
**သား - မောင်ထက်ချို (SYDNEY,AUSTRALIA)နှင့် တူ/တူမများ**

## ဖခင်အမည်မှန်

အထက (၁)၊ အေးသာယာ၊ တက္ကသိုလ်ဝင်တန်း (D) မှ မောင်သားကိုကိုနှင့် မောင်သားညီညီတို့၏ ဖခင် အမည်မှန်မှာ ဦးမြင့်ဝင်း MTLA-090856 ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ကလောမြို့နယ်၊ အောင်ပန်း၊ အလက (၃)ထခွဲ၊ တက္ကသိုလ်ဝင်တန်း (က)မှ မသင်းသင်းဦး၏ မိဘအမည်မှန်မှာ ဦးသိန်းဇော်-ဒေါ်စိန်စိန်ဦး ဖြစ်ပါကြောင်း။

## မြေညီထပ်ရောင်းမည်

၁၂½ပေ × ပေ၅၀၊ အမြင့် ၁၇ပေ၊ ထပ်ခိုးတစ်ဝက်ပါ။ အောင်တေဇလမ်း၊ တာမွေမြို့နယ်။ သိန်း(၈၀၀)။

**ဖုန်း-၀၉-၇၃၁၅၃၉၃၇**

## သွေးသည် အသက်

# အဲဗာတန်တို့ ခက်ခဲမယ့် ယူရိုပါလိဂ်အုပ်စု ပွဲစဉ်(၃)

ဒီတစ်ပတ်ချန်ပီယံလိဂ်ပွဲစဉ်တွေနဲ့အတူ ပရိသတ်တွေကို အသုံးတော်ခံမှာကတော့ ယူရိုပါလိဂ်အုပ်စု ပွဲစဉ်(၃)ပဲ ဖြစ်ပါတယ်။ အောက်တိုဘာ ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ကစားမယ့် ဒီပွဲစဉ်တွေဟာ အသင်းတိုင်းအတွက် အရေးကြီးတဲ့ပွဲဖြစ်လို့ ရေကုန်ရေခန်းကစားရဦးမှာ ဖြစ်ပါတယ်။

**လိုင်လီနှင့် အဲဗာတန်**

အုပ်စု (H)မှာ အဲဗာတန်တို့ နှစ်ပွဲကစား၊ လေးမှတ်နဲ့ အုပ်စုကို ဦးဆောင်နေပါတယ်။ လိုင်လီတို့ကတော့ နှစ်ပွဲကစား၊ သရေနှစ်မှတ်နဲ့ အုပ်စုတတိယနေရာမှာရှိနေပါတယ်။ အိမ်ကွင်းမှာ ရှုံးပွဲမရှိအောင် ကြိုးစားမယ့်လိုင်လီကို အဲဗာတန်တို့ ခက်ခဲစွာရင်ဆိုင်ရဖို့ရှိနေပြီး အမှတ်ခွဲယူရမယ့်ကိန်းပါပဲ။

**ခရက်နိုဒါနှင့် ဝုဖ်ဘတ်**

ရုရှားကလပ် ခရက်နိုဒါတို့လည်း အုပ်စု (H)မှာ နှစ်ပွဲကစား၊ နှစ်မှတ်ရရှိထားသလို ဝုဖ်ဘတ်တို့ကလည်း နှစ်ပွဲကစား၊ တစ်မှတ်ရရှိထားပါတယ်။ ခံစစ်ကြောင်းအားနည်းချက်ရှိနေတဲ့ ဝုဖ်ဘတ်ကို အိမ်ရှင်တို့ ဂိုးရအောင်သွင်းပြီး အောင်ပွဲခံဖို့ ကြိုးစားပါလိမ့်မယ်။

**ဆလိုနီကာနှင့် ဖီအိုရင်တီးနား**

ဂရိကလပ် ဆလိုနီကာဟာ ပြည်တွင်းလိဂ်မှာ ဒီနှစ်ငါးပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးတဲ့အသင်း ဖြစ်ပါတယ်။ အုပ်စု (K)မှာတော့ နှစ်ပွဲကစား၊ သုံးမှတ်ရထားတဲ့ ဆလိုနီကာတို့ဟာ နှစ်ပွဲကစား၊ ခြောက်မှတ်ရထားတဲ့ ဖီအိုရင်တီးနားကို ယှဉ်ဖို့ မလွယ်ပါဘူး။ ခံစစ်ပိုင်းလုံခြုံသိပ်သည်းတဲ့ ဖီအိုရင်တီးနားတို့ သုံးမှတ်ရဦးမယ့်ပွဲပါ။

**ယန်းဘွိုင်းစ်နှင့် နာပိုလီ**

ဆွစ်ဇာလန်ကလပ် ယန်းဘွိုင်းစ်ဟာ ခံစစ်ပိုင်း အမှားအယွင်းများတဲ့အသင်းဖြစ်ပြီး အုပ်စု (I)မှာတော့ နှစ်ပွဲကစား၊ သုံးမှတ်ရထားပါတယ်။ နာပိုလီတို့ကတော့ တိုက်စစ်ရောခံစစ်ပါ ကောင်းမွန်နေတာမို့ အိမ်ရှင်တို့အနိုင်ရလဒ်ကို နာပိုလီထံ ပေးအပ်ရမှာပါ။

**စတန်းဒက်လီဂီနှင့် ဆီဗီလာ**

ဘယ်လ်ဂျီယံကလပ် စတန်းဒက်လီဂီဟာ ပြည်တွင်းလိဂ်မှာ ရလဒ်တွေဆိုးရွားနေပေမယ့် ယူရိုပါလိဂ်အုပ်စု (G)မှာတော့ နှစ်ပွဲကစားပြီးချိန်မှာ သုံးမှတ်နဲ့ ဒုတိယနေရာမှာရပ်တည်နေပါတယ်။ ဆီဗီလာဟာ အုပ်စု (G)မှာ နှစ်ပွဲကစားလေးမှတ်နဲ့ ပထမနေရာမှာရပ်တည်ပြီး ဦးဆောင်နေပေမယ့် အခုပွဲမှာပြတ်သားတဲ့ရလဒ်ကို ပုံဖော်နိုင်မှာ မဟုတ်ပါဘူး။

**ရီဂျိကာနှင့် ဗီယင်န**

ခရိုအေးရှားကလပ် ရီဂျိကာတို့ရဲ့ တိုက်စစ်မှူးတွေက တွန်းတိုက်ထိုးဖောက်အားကောင်းပြီး ဂိုးလည်းသွင်းနိုင်ကြသူတွေဖြစ်ပါတယ်။ ခံစစ်ပိုင်းမလုံခြုံတဲ့အပြင် တိုက်စစ်မှူးတွေရဲ့ အားထုတ်မှုကလည်း လိုအပ်ချက်တွေများနေတာမို့ ဗီယင်နတို့ အမှတ်ပြည့်ပိုက်ပြီး အိမ်ပြန်မယ့်ပွဲဖြစ်ပါတယ်။

**စတူအာဘူခါရက်နှင့် ရီယိုအေ့ဗ်**

ရိုမေးနီးယားကလပ် စတူအာဘူခါရက်ဟာ အုပ်စု (J) မှာ နှစ်ပွဲကစား၊ သုံးမှတ်ရနေပြီး အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ပေါ်တူဂီကလပ် ရီယိုအေ့ဗ်ကတော့ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးပါဘူး။ ဒီပွဲမှာ အိမ်ရှင်ဖြစ်တဲ့ ပြတ်သားတဲ့ရလဒ်ပုံဖော်မှုကိုပဲ အားပေးရမှာဖြစ်ပါတယ်။

**မိုးမြင့်လင်းလက်**

# ပြန်သွင်းဂိုးများဖြင့် လီဗာပူးနိုင်

ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ကျူပီအာနှင့် လီဗာပူးတို့ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးက သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲသည် ပွဲပြီးရန် ရှစ်မိနစ်အတွင်း လေးဂိုးကို နှစ်ဖက်အသင်းက အပြန်အလှန်သွင်းယူခဲ့သည်။ ချီလီတိုက်စစ်မှူး အီဒူယာဒိုဗားဂတ်စ်က ကျူပီအာအတွက် ချေပဂိုးမသွင်းမီ ရစ်ချတ်ဒန်းက ကိုယ့်ဂိုးကိုယ်ပြန်သွင်းပြီး လီဗာပူးတို့ဦးဆောင်ဂိုးရခဲ့သည်။ ဖီးလစ်ကော်တင်ဟို၏ သွင်းယူဂိုးကိုလည်း ဗားဂတ်စ်က ချက်ချင်းချေပခဲ့သည်။

ကျူပီအာအသင်းမှ စတီဗင်ကော်ကာက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ လီဗာပူးတို့အနိုင်ရပြီး ဇယားနံပါတ် ၅ နေရာတက်လာသည်။ ကျူပီအာအသင်းသည် ထိပ်ပိုင်းပြန်တက်ရန် ရုန်းကန်ကြိုးစားနေရပြီး ရှစ်ပွဲကစားရာတွင် လေးမှတ်သာရရှိထားသည်။

# အက်သလက်တီကို အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တင်

စပိန်လာလီဂါပွဲအဖြစ် အက်သလက်တီကိုနှင့် အက်စ်ပန်ညိုတို့ အောက်တိုဘာ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုက နှစ်ဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ယင်းအနိုင်ပွဲသည် အက်သလက်တီကိုအသင်းအတွက် ၂၄ ပွဲမြောက် အိမ်ကွင်းရှုံးပွဲမရှိစံချိန်တင်ထားနိုင်ခဲ့သည်။

လာလီဂါချန်ပီယံအက်သလက်တီကို အသင်းအတွက် ဂိုးများကို တီယာဂိုမန်းဒက်ချ်နှင့် မာရီယိုဆွာရက်ဇ်တို့က သွင်းယူပေးခဲ့သည်။ အက်သလက်တီကိုတို့ ယင်းပွဲအနိုင်ရလိုက်သည့်အတွက် စပိန်လာလီဂါတွင် ထိပ်ဆုံးနေရာရောက် ဘာစီလိုနာအသင်းနောက်မှ ငါးမှတ်ခွာပြီး လိုက်နေရဆဲဖြစ်သည်။ ဇယားနှင့်ပဥ္စမနေရာတွင် ရပ်တည်လျက်ရှိသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

## ချန်ပီယံလိဂ်နှင့် ချန်ပီယံရှစ် ပွဲစဉ်များ (သီဟ)

**ချန်ပီယံလိဂ် အုပ်စု(င) — အောက်တိုဘာ ၂၁/၂၂**

| | | | |
|---|---|---|---|
| CSKA မော်စကို | - | မန်စီးတီး | ည ၁၀:၃၀ |
| ရိုးမား | - | ဘိုင်ယန်မြူးနစ် | နံနက် ၁:၁၅ |

**ချန်ပီယံလိဂ် အုပ်စု(စ) — အောက်တိုဘာ ၂၂**

| | | | |
|---|---|---|---|
| အေပိုးလ် | - | ပီအက်စ်ဂျီ | နံနက် ၁:၁၅ |
| ဘာစီလိုနာ | - | အိုင်းယက်စ် | နံနက် ၁:၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဆ) — အောက်တိုဘာ ၂၂**

| | | | |
|---|---|---|---|
| ရှော်လ်ကေး | - | စပို့တင်း | နံနက် ၁:၁၅ |
| ချယ်လ်ဆီး | - | မာရီဘော | နံနက် ၁:၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဇ) — အောက်တိုဘာ ၂၂**

| | | | |
|---|---|---|---|
| BATE ဘိုရီဆော့ | - | ရှက်တာဒိုးနက် | နံနက် ၁:၁၅ |
| ပေါ်တို | - | ဘီလ်ဘာအို | နံနက် ၁:၁၅ |

**အင်္ဂလန် ချန်ပီယံရှစ် ပွဲစဉ်(၁၃) — အောက်တိုဘာ ၂၂**

| | | | |
|---|---|---|---|
| ဘလက်ပူးလ် | - | ဒါဘီကောင်တီ | နံနက် ၁:၁၅ |
| ဘလက်ဘန်း | - | ဘာမင်ဂမ် | နံနက် ၁:၁၅ |
| ချာလ်တန် | - | ဘော်လ်တန် | နံနက် ၁:၁၅ |
| ကာဒစ် | - | အစ်ဆွစ်ချ် | နံနက် ၁:၁၅ |
| ဝုလ်ဗာဟမ်တန် | - | မစ်ဒယ်ဘရော့ | နံနက် ၁:၁၅ |
| ရိုသာဟမ် | - | ဖူလ်ဟမ် | နံနက် ၁:၁၅ |
| ဝီဂန် | - | မီဝေါလ် | နံနက် ၁:၁၅ |
| ဟက်ဒါဖီးလ် | - | ဘရိုက်တန် | နံနက် ၁:၁၅ |
| ဘရန့်ဖို့ဒ် | - | နော်တင်ဟမ် | နံနက် ၁:၁၅ |
| နော့ဝှစ်ချ် | - | လိဒ်ယူနိုက်တက် | နံနက် ၁:၁၅ |
| ဘုန်းမောက် | - | ရီးဒင်း | နံနက် ၁:၁၅ |

**အောက်တိုဘာ ၁၉/၂၀ ဂိုးရလဒ်များ**

| | | |
|---|---|---|
| ဖီအိုရင်တီးနား | ၀-၂ | လာဇီယို |
| အတ္တလန္တာ | ၁-၀ | ပါးမား |
| ကက်ဂလီယာရီ | ၂-၂ | ဆမ်ဒိုးရီးယား |
| ဗီရိုနာ | ၁-၃ | အေစီမီလန် |
| ပါလာမို | ၂-၁ | ဆီစီနာ |
| တိုရီနို | ၁-၀ | အူဒီးနိစ် |
| အင်တာမီလန် | ၂-၂ | နာပိုလီ |
| ဒီပို့တီဗို | ၃-၀ | ဗလင်စီယာ |
| အယ်လ်ချီ | ၀-၂ | ဆီဗီလာ |
| ဗီလာရီးရဲလ် | ၂-၀ | အယ်လ်မာရီးယား |



ကြော်ငြာ


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
AN UNPRECEDENTED
MILESTONE
For Myanmar
REEBONZ
REEBONZ.COM
Asia's Largest Luxury Brand E-tailer
Coming Soon As GOLDEN CITY's Retail Anchor Tenant
GOLDEN CITY, joins forces with REEBONZ
to be pioneers in the retail sector
The first in Myanmar to bring in luxury items,
taking Yangon to new heights
HERMÉS CHANEL PRADA LOUIS VUITTON
GUCCI YVESSAINTLAURENT BOTTEGA VENETTA CARTIER
DIOR BVLGARI GIVENCHY ROLEX
Hotline:+95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building,
Yankin Township, Yangon Myanmar
Website: www.glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ကုန်စည်စီးဆင်းမှုမြန်ဆန်လာပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးလာတော့မည့် ဘိုကလေးမြစ်ကူးတံတား

**ဘိုကလေး အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့တစ်ဖက်ကမ်း ညီနောင်လေးကျေးရွာတွင် မွေးဖွားကြီးပြင်းခဲ့ပြီး အသက်(၇၆ နှစ်) အရွယ်ရှိပြီဖြစ်သည့် လယ်သမားကြီး ဦးချစ်လှိုင်က "ဒီနေရာမှာ မြစ်ကူးတံတားကြီး ရှိလာလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့ဘူး" ဟု ဘိုကလေးမြို့နယ်နှင့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ သွားရာလမ်းမှ ဘိုကလေးမြစ်ကို ဖြတ်ပြီး တည်ဆောက်ပြီးစီးလုနီးပါးဖြစ်သည့် ဘိုကလေးမြစ်ကူးတံတားကြီးကို ကြည့်ပြီးပြောပြခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ဘိုကလေးမြို့နယ်တွင် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီနှင့် မော်ကျွန်းမြို့နယ်များသို့ အလွယ်တကူသွားလာနိုင်ရန် ဘိုကလေးမြစ်ကူးတံတားကြီးကို တည်ဆောက်လျက်ရှိရာ မကြာခင်ပြီးစီးတော့မည်ဖြစ်သည်။

မြစ်ချောင်းများပေါများပြီး သွားလာရေးခက်ခဲသည့် ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရန်နှင့် ကုန်စည်ပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရန် နိုင်ငံတော်မှ လမ်းသစ်များဖောက်လုပ်ပြီး တံတားသစ်များ တည်ဆောက်ပေးလျက်ရှိသည်။

ဘိုကလေးမြစ်ကူးတံတားကြီးကို ၂၀၁၀ ခုနှစ် ဇူလိုင်လမှ စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည် ၄၀၀၅ ပေနှင့် သုံးလက်မရှည်လျားပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်၊ ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေ၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၃၀၀ ရှိကာ အာရ်စီကွန်ကရစ်နှင့် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

"မြစ်ကူးတံတားကြီးက ၉၈ ရာခိုင်နှုန်းပြီးစီးသွားပါပြီ။ ဌာနအနေနဲ့က တံတားသစ်တွေ တည်ဆောက်နေသလို တံတားဟောင်းတွေကိုလည်း ရေရှည်ခံအောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်နေပါတယ်"ဟု ဘိုကလေး မြစ်ကူးတံတားကြီးအား တာဝန်ယူ တည်ဆောက်ခဲ့သည့် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)မှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဒေါ်ခင်မာဦးက ပြောသည်။

တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ ဘိုကလေးမြစ်ကူးတံတားကြီးအပြင် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ သွားရာလမ်းမပေါ်ရှိ ညီနောင်ကြီး ချောင်းကူးတံတား၊ ဘိုကလေးမြို့နယ်နှင့် ဖျာပုံခရိုင်အား ဆက်သွယ်ထားသည့် ဘိုကဘေးမြို့အဝင် နတ်ချောင်းတံတားနှင့် ဘိုကလေး-မော်ကျွန်း သွားရာလမ်းမပေါ်ရှိ ကြံ့စိန်တံတားများကို အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စု၊ ကျေးရွာခွဲပေါင်း ၅၇၅ ရွာဖြင့် ဖွဲ့စည်းထားသည့် ဘိုကလေးမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို သာ အဓိကထားလုပ်ကိုင်ကြပြီး မြစ်ကမ်းနားတစ်လျှောက်ရှိ ဆန်စက်ကြီးများကလည်း ဒေသတွင်းစပါးအထွက်တိုးမှုကို ပြသနေသည်။ ဘိုကလေးမြို့ ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ ခေတ်မီပေါင်းဆန်စက်များတည်ထောင်ပြီး ပေါင်းဆန်ထုတ်လုပ်ရန် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

"ကဒုံကနီနဲ့ ဧရာဘက်မှာကဏန်းပျော့စက်ရုံရှိတယ်၊ ကဒုံကနီမှာ စွန့်ပစ်တဲ့ငါးကနေ အစာတောင့်လုပ်တဲ့ စက်ရုံရှိတယ်၊ တံတားကြီးဆောက်လိုက်တဲ့အတွက် အဲ့ဒီဒေသတွေမှာ အများကြီးဖွံ့ဖြိုးတိုးတက်သွားမယ်"ဟု ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်လွင်ထွန်းက ပြောသည်။

ဘိုကလေးတစ်ဖက်ကမ်း မြစ်ကူးတံတားကြီးထိပ်မှနေ၍ ဘိုကလေး-သာပေါင်း-ကဒုံကနီ သွားရာလမ်းဘေးဝဲယာတစ်လျှောက် လေကာတန်းအရိပ်ရ နှစ်ရှည်ခံသစ်မာပင်ကြီးများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ခရီးသွားပြည်သူတွေ သွားလာတဲ့အခါ အရိပ်ရတဲ့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုတာပေါ့" ဟု ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးမင်းမင်းဦးက ပြောသည်။

ယခင်က ဘိုကလေးတစ်ဖက်ကမ်းတွင် နေထိုင်ကြသောဒေသခံများသည် သွားလာရေးခက်ခဲခဲ့ရာမှ ယခုအခါ လမ်းသစ်ကြီးများ ဖောက်လုပ်၍ တံတားများ တည်ဆောက်လျက်ရှိရာ ဘိုကလေး မြစ်ကူးတံတားကြီးမှာလည်း မကြာမီဆောက်လုပ်ပြီးစီးတော့မည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာ အချိန်မရွေးသွားလာနိုင်တော့မည်ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာတော့မည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနေ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-နေလင်း(သတင်းစဉ်)**



## အသိပေးကြေညာခြင်း

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ပြည်သူတစ်ရပ်လုံး စားနပ်ရိက္ခာဖူလုံစေရေးနှင့် ဘေးကင်းသန့်ရှင်းလတ်ဆတ်သောအစားအစာများ စားသုံးနိုင်ရေးအတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့် အသားစားနွား၊ နို့စားနွားမျိုးများ တင်သွင်းခြင်းကို ကူညီအားပေးခြင်းနှင့် နိုင်ငံတကာအကူအညီဖြင့်လည်း နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ပမှတင်သွင်းသော မျိုးကောင်းမျိုးသန့် အသားစားနွား၊ နို့စားနွားမျိုးများနှင့် ပြည်တွင်းဒေသနွားမျိုးများ သားစပ်၍ ရရှိလာသော စပ်နွားများအား ပြည်ပသို့တင်ပို့ခွင့်ရရှိရေး မည်သည့်အထောက်အထားမှ မလိုဘဲ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တင်ပို့ခြင်းများအား ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ပြည်တွင်းဒေသနွားမမျိုးငယ်များအား ထိန်းသိမ်းမွေးမြူသွားကြရန် အသိပေးကြေညာအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## လျှပ်စစ်ဓာတ်ကြိုးနှင့်မလွတ်သော သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းရာမှ ဓာတ်လိုက်သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၀**

သာကေတမြို့နယ် မြခွာညို့အိမ်ရာဝင်းတွင် အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက လျှပ်စစ်ဓာတ်ကြိုးနှင့်မလွတ်သည့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းသော လျှပ်စစ်ဝန်ထမ်း(လုံခြုံရေး) ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူ လျှပ်စစ်ဝန်ထမ်း(လုံခြုံရေး)ဖြစ်သူ ကိုမြင့်အောင်(၄၃ နှစ်)သည် ယင်းနေ့ နံနက် ၉ နာရီခန့်က အဆိုပါ (၈) ရပ်ကွက် အိမ်ရာဝင်းအတွင်း လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်သော သစ်ပင်များကို တက်ရောက်ခုတ်ထွင်ရှင်းလင်းစဉ် သွယ်တန်းထားသော 33 KV ဓာတ်ကြိုးများပေါ်သို့ သစ်ကိုင်းများကျရာမှ လျှပ်စစ်စီးဝင်ပြီး ဓာတ်လိုက်ခံရသဖြင့် အောက်သို့ပြုတ်ကျသေဆုံးခြင်းဖြစ်ကြောင်း သိရပြီး နယ်မြေရဲစခန်းမှ မွန်းလွဲ ၁ နာရီခွဲတွင် သွားရောက်စစ်ဆေးခဲ့ရာ ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရသည်။

သေဆုံးမှုနှင့် ပတ်သက်၍ နယ်မြေရဲစခန်းက အမှုဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၂)၊ မြေကွက်အမှတ် ၄၄၊ (အလျားပေ ၄၀× အနံပေ ၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးမျိုးဝင်း (ဘ) ဦးပျော့ ၁၂/လကန(နိုင်)၀၁၁၆၈၄က ငွေသွင်းချလန်၊ စလစ်ပြားပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၈၁၉၊ ၈၂၀၊ မြေကွက်တည်နေရာအမှတ် ၈၁၉၊ ၈၂၀၊ ဗိုလ်နေဝင်းလမ်း၊ ဒလမြို့နယ် (ဦးအောင်မြင့်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအောင်မြင့်ထံမှ (၈-၁၁-၁၁)နှင့် (၂၈-၁၁-၁၁)ရက် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဘောရာမူတူး(ခ)ဝင်းနိုင် ၁၂/မဂတ(ဧည့်)၀၀၀၁၉၇၊ (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၁၅မှ (၂၁-၈-၂၀၁၄)ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၁၈၅၊ မြေကွက်တည်နေရာအမှတ် ၁၈၅၊ မင်းရဲကျော်စွာ(၆)လမ်း၊ ရပ်ကွက်ကြီး(၃)၊ လှိုင်သာယာမြို့နယ်ရှိ ဦးတင်မောင်နိုင် ၁၂/လသယ(နိုင်)၀၀၄၃၂၇ အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မှာ ပျောက်ဆုံးသွားပါသဖြင့် ဂရန်အမည်ပေါက် ဦးတင်မောင်နိုင်(ကွယ်လွန်)၏ဇနီး ဒေါ်သန်းသန်း ၁၂/လသယ(နိုင်)၀၁၉၆၀၁က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၇၄၈/၂၀၁၃တင်ပြ၍ မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်လျှောက်ထားလာခြင်းအား ဒေါ်သန်းသန်းအမည်ဖြင့် ထုတ်ပေးသွားမည်ဖြစ်ရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ၁၉၉၃ခုနှစ်(မြေငှား)အမှတ်အမှတ် လသယ/၂/၀၁၁/၉၃(၁၂-၇-၉၃)အရ ထုတ်ပေးခဲ့သည့် မူလဂရန်စာချုပ်အား ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၁၄၉၉၊ မြေကွက်တည်နေရာအမှတ် ၁၄၉၉၊ ဆမားဒူးဝါးလမ်း၊ ဒလမြို့နယ် (ဦးတင်ဖုန်း)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတင်ဖုန်းထံမှ (၁၇-၅-၁၉၉၅)ရက် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဘောရာမူတူး(ခ)ဝင်းနိုင် ၁၂/မဂတ(ဧည့်)၀၀၀၁၉၇ (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၁၅မှ (၂၁-၈-၂၀၁၄)ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံ ကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ မြေကွက်အမှတ် ၂၁၃/က၊ မြေကွက်တည်နေရာ ၂၁၃/က (ဦးရဲတင့်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဖခင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ သားဖြစ်သူ ဦးနိုင်ရဲတင့် ၁၄/ပသန(နိုင်)၀၈၃၂၁၁မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၄၅၀၊ မြေကွက်တည်နေရာအမှတ်(၁)၊ ၄ လမ်း၊ ရန်ကုန်သစ်၊ သဃ်န်းကျွန်းမြို့နယ် (ဒေါ်ဌေးရင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဌေးရင်(မိခင်)၊ ဦးဘိုးကြည်(ဖခင်)တို့ကွယ်လွန်သဖြင့် (၁) ဒေါ်လှအေး ၁၂/သဃက(နိုင်)၀၈၃၈၂၁၊ (၂) ဒေါ်ညွန့်ကြည် ၁၂/သဃက(နိုင်)၀၈၇၀၄၃၊ (၃) ဦးကြည်လွင် ၁၂/သဃက(နိုင်)၀၈၃၈၂၂၊ (၄) ဒေါ်မြင့်မြင့်ကြည် ၁၂/သဃက(နိုင်)၀၈၇၀၄၄တို့က သား/သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့ယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရန်ကုန်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၆/က၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ၁၃ လမ်း၊ ရန်ကုန်သစ်၊ သဃ်န်းကျွန်းမြို့နယ် ဦးရဲညွန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရဲညွန့် ကွယ်လွန်သဖြင့် ဒေါ်ကျင်စိန် ၁၂/ သဃက(နိုင်)၀၈၆၂၈၀က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အပိုင်ပေးကမ်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက်အမှတ်(၈၁၆/က၊ ခ)၊ မြေကွက်တည်နေရာအမှတ် (၈၁၆/က+ခ)၊ ရတနာပုံ(၁)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမောင်လှ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမောင်လှ(ဖခင်) နှင့် ဒေါ်တင်နု(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အေးအေးရီ ၁၂/သကတ(နိုင်)၀၂၃၃၄၁မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)အနောက်၊ မြေကွက်အမှတ်(၄၈၄/က)၊ မြေကွက်တည်နေရာအမှတ်(၄၈၄/က)၊ ဗမ္ဗူသီရိ(၂)လမ်း၊ (၆)အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးညွန့်ရွှေ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးညွန့်ရွှေ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီး ဒေါ်ခင်သန်း TKA-၁၁၀၆၅၇က သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၀၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၀၀၁/ခ)၊ ရတနာပုံ(၁၁)လမ်း၊(၉)ရပ်ကွက်၊ သာကေတမြို့နယ်(ဦးကျော်သောင်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်သောင်း(ဖခင်)နှင့်ဒေါ်ညို(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်နွဲ့နွဲ့ရီ ၁၂/သကတ(နိုင်)၀၂၃၄၁၄က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# လူငယ်ကျောင်းသားများ စိတ်ဓာတ်ခွန်အားဖြစ်စေရန် စာသင်ကျောင်းများသို့ ဘောလုံးများဖြန့်ဝေ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းပေါင်း ၄၃၆ ကျောင်းကို ဘောလုံးအလုံးပေါင်း ၂၀၀၀၀ ကျော် လှူဒါန်းမည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ် (၃၅) ရပ်ကွက်ရှိ အထက(၃)ကျောင်းတွင် Chevrolet Myanmar နှင့် One World Futbol Project တို့မှ ဘောလုံးအလုံးပေါင်း ၅၀၀ လှူဒါန်းမှုကို အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

"မပြည့်စုံတဲ့ ကလေးအတော်များများကို သူတို့ရဲ့တစ်နေ့တာ ပျော်ရွှင်စရာ၊ အပန်းဖြေစရာအဖြစ် ဘောလုံးကစားခြင်းနဲ့ ဖြတ်သန်းနိုင်ဖို့ သူတို့ရဲ့စိတ်အားငယ်မှုတွေ နေရာမှာ ဘောလုံးကစားခြင်းက အနာဂတ်မျှော်လင့်ချက်နဲ့ စိတ်ဓာတ်ခွန်အားတွေ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်"ဟု Chev rolet Myanmar၏ မန်နေဂျင်းဒါရိုက်တာဦးဇော်မိုးခိုင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်အတွင်းရှိ အထက်တန်းကျောင်း ၂၇၀ နှင့် အလယ်တန်းကျောင်း ၁၆၆ ကျောင်းတို့ကို ဘောလုံးများလှူဒါန်းသွားမည်ဖြစ်ရာ ကျောင်းသားဦးရေ ထောင်ပေါင်းများစွာတို့အား အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းပေါင်းများစွာကို ဘောလုံးများလှူဒါန်းခြင်းအပြင် ကမ္ဘာတစ်ဝန်းနိုင်ငံအများအပြားကိုလည်း Chevrolet မှပံ့ပိုးသော OneWorld Futbol Project အစီအစဉ်ဖြင့် ဘောလုံးများလှူဒါန်းခဲ့ရာ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ဘောလုံးပေါင်းတစ်သန်းအထိ လှူဒါန်းနိုင်ခဲ့ပြီးဖြစ်သည်။

တစ်ဖန် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့်ထိုင်းနိုင်ငံများတွင်ရှိသော စာသင်ကျောင်းများတွင်လည်း တစ်နိုင်ငံလျှင်ဘောလုံးပေါင်း ၂၀၀၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဘောလုံးများယခုကဲ့သို့ လှူဒါန်းခြင်းသည် ကလေးလူငယ်များအတွက် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်လိုသော စိတ်ဆန္ဒဖြစ်ပေါ်စေရန် မြှင့်တင်ပေးနိုင်ခြင်း၊ စိတ်အားငယ်ခြင်းတို့ကို အားကစားစိတ်၊ အသင်းအဖွဲ့စိတ်၊ ကြံ့ခိုင်သော စိတ်ဓာတ်ရရှိစေခြင်းဖြင့် မြှင့်တင်ပေးနိုင်ရန်လူ့အဖွဲ့အစည်းကို တိုးတက်စေရန် အထောက်အကူပြုခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။



သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အမှတ်တံဆိပ် (Logo)ပြိုင်ပွဲဝင်များ ထပ်မံဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန (Ministry of Livestock, Fisheries and Rural Development)၏ မူဝါဒအား ပြည့်ပြည့်ဝဝ ဖော်ဆောင်နိုင်မည့် အမှတ်တံဆိပ် (Logo)ပြိုင်ပွဲကို ၁၉-၁၀-၂၀၁၃ ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖိတ်ခေါ်ခဲ့ပြီး ဝန်ကြီးဌာနအမှတ်တံဆိပ် (Logo)ရွေးချယ်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ပေးပို့ခဲ့သော (Logo)များမှာ ဝန်ကြီးဌာန၏ မူဝါဒအား ပြည့်စုံစွာဖော်ပြရေးဆွဲနိုင်မှု အားနည်းသဖြင့် ဝန်ကြီးဌာနအမှတ်တံဆိပ် (Logo) ရွေးချယ်ရန်အတွက် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ရန် ထပ်မံဖိတ်ခေါ်သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်တွင် အောက်ဖော်ပြပါ ဌာနများနှင့် တက္ကသိုလ်တို့ ပါဝင်ဖွဲ့စည်းထားသည်-

(က) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ညွှန်ကြားမှုဦးစီးဌာန
(ခ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
(ဂ) ငါးလုပ်ငန်းဦးစီးဌာန
(ဃ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(င) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်

ဝန်ကြီးဌာနအနေဖြင့် သားငါးကဏ္ဍစားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းမှု ရှိစေရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် မူဝါဒချမှတ်ထားပြီး သားငါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးလာစေရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားစေရန်နှင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

အမှတ်တံဆိပ် (Logo) တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိဦးစီးဌာနများ/တက္ကသိုလ်တို့ ပါဝင်ဖွဲ့စည်းထားရှိမှုနှင့် ဝန်ကြီးဌာန၏မူဝါဒ၊ မျှော်မှန်းချက်များကို ဖော်ညွှန်းသည့် ရေးဆွဲချက်ဖြစ်ရန် လိုအပ်ပြီး တိရစ္ဆာန်ပုံများ၊ ယာဉ်စက်ယန္တရားပုံများ ထည့်သွင်းရေးဆွဲခြင်းမပြုရ၊ အနီရောင်ကိုလည်း ထည့်သွင်းရေးဆွဲခြင်း မပြုရ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်စေနိုင်သော အခြားအဖွဲ့အစည်းများ၏ တံဆိပ်များ၊ အမှတ်အသားများ၊ ဘာသာရေးဆိုင်ရာ တံဆိပ်များ၊ အမှတ်အသားများ မပါရှိစေရ။ ကိုယ်တိုင်ရေးဆွဲသော (Logo)ဖြစ်ရပါမည်။ ပြိုင်ပွဲဝင်သည့် (Logo)များသည် မည်သည့်ပြိုင်ပွဲတွင်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိရ။ တစ်ဦးလျှင် အများဆုံး ငါးခုအထိ ရေးဆွဲပေးပို့ နိုင်သည်။

ရွေးချယ်ခံရသော (Logo)များသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏မူပိုင်ဖြစ်ပြီး ဝန်ကြီးဌာနအား ကိုယ်စားပြု သတ်မှတ်အသုံးပြုဆောင်ရွက်သည့် လုပ်ငန်းကိစ္စအဝဝတွင် အသုံးပြုခွင့်ရှိသည်။ မိမိရေးဆွဲထားသော ပန်းချီကား Graphic Design နှင့် Soft Copy(CD) များကို ကိုယ်တိုင်ရေးဆွဲထားသော ဝန်ခံချက်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံတို့ကို လူကိုယ်တိုင်လာရောက်ပေးပို့၍ဖြစ်စေ၊ ရာသီဥတုကြောင့် မပျက်စီးစေရန် လုံခြုံစွာထုပ်ပိုးထားသော အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ၊ ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၃၆) နေပြည်တော်သို့ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသူကို ဆုကြေးငွေကျပ် ၁၀ သိန်း ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**


**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၀၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၃၄**

ဦးအောင်မိုးမြင့် **နှင့်** ဦးတင်အေး
**တရားနိုင်** **တရားရှုံး**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အမှတ်(၄)ရပ်ကွက်၊ အကွက်ကြီး ၁၆ (နောင်အင်အနောက်)၊ မြေကွက်အမှတ်(၂၀)နေ ဦးတင်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်မိုးမြင့်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၃ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**



**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(7D)မှ မဖြိုးအိန္ဒြာ၏ ဖခင်အမည်မှန်မှာ ဦးစောဘဖြိုး ဖြစ်ပါသည်။
**ဦးစောဘဖြိုး ၃/မဝတ(နိုင်)၀၃၇၇၈၂**



**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၀၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးမြို့နယ်တရားရုံး**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၀နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၃၅**

ဒေါ်ကျင်ရှု **နှင့်** ၁။ ဦးရွှေဝင်း
၂။ ဒေါ်ဝင်းစိန်
**တရားနိုင်** **တရားရှုံးများ**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အမှတ်(၄)ရပ်ကွက်၊ အကွက်ကြီး ၁၇ (နောင်အင်အနောက်မြောက်)၊ မြေကွက်အမှတ်(၂၀၊ ၁၉/၂)နေ ဦးရွှေဝင်းနှင့် ဒေါ်ဝင်းစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကျင်ရှုက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၃ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**



**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(IC)မှ မသင်းသင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးခင်ဝင်းဖြစ်ပါသည်။
**ဦးခင်ဝင်း ၁၀/ကထန(နိုင်)၀၅၃၅၅၁**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးမြို့နယ်တရားမရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၅၅**

ဦးမင်းမောင် **နှင့်** ၁။ ဦးသိန်းမြင့်
၂။ ဒေါ်သန်းသန်း
**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ ဦးပိုင်အမှတ်(၄၆)၊ အကွက်အမှတ်(၂၆)၊ (၁) ဦးသိန်းမြင့်၊ (၂) ဒေါ်သိန်းသိန်း(အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းမောင်က မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၃ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်



**မန္တလေး အောက်တိုဘာ ၂၀**

ISTAF Super Series Myanmar 2014-2015 အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားခန်းမကြီး၌ ကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်း၊ အိမ်ရှင် မြန်မာအသင်း၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဂျပန်၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းတို့နှင့် အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်း၊ အိမ်ရှင်မြန်မာအသင်း၊ ဗီယက်နမ်၊ မလေးရှား၊ ဂျပန်၊ အင်ဒိုနီးရှားနိုင်ငံအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း နေပြည်တော် သင်္ဂဟဟိုတယ်ခန်းမ၌ အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည့် ISTAF Super Series Myanmar 2014-2015 ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲ၌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပြောကြားသည်။

ပြိုင်ပွဲဝင် မြန်မာအမျိုးသား၊ အမျိုးသမီး အသင်းတို့ကလည်း မျိုးဆက်သစ် အားကစားသမားတို့ဖြင့် စုစည်းပြီး ISTAF Super Series Myanmar 2014-2015 ပြိုင်ပွဲများအတွက် အားသွန်ခွန်စိုက် အရှိန်အဟုန် အပြည့်ဖြင့် ကြိုးစားလေ့ကျင့်လျက်ရှိကြောင်း၊ အိမ်ရှင်ပရိသတ်ရှေ့၌ ယခင် ဆီးဂိမ်းပြိုင်ပွဲများထက် ပိုမိုအစွမ်းပြအောင်ပွဲခံယှဉ်ပြိုင်၍ ရွှေဆုဆွတ်ခူးသွားမည် ဖြစ်ကြောင်းကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ရိုးရာခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က ရှင်းလင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဦးဆုံး ISTAF ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပခြင်းသည် နိုင်ငံတကာ အဆင့်ချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိသည့် ရည်မှန်းချက် အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါ Super Series ပြိုင်ပွဲ ပွဲစဉ်မှာ တစ်နှစ်ထက်တစ်နှစ်၊ တစ်ပွဲထက်တစ်ပွဲ အဘက်ဘက်မှ တိုးတက်လျက်ရှိကြောင်း၊ ဤအားကစားကို လူကြိုက်များသည့် အားကစားဖြစ်စေရန်အတွက် ကြိုးပမ်းလျက်ရှိပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ စွမ်းရည်ကို မိမိတို့ အပြည့်အဝ ယုံကြည်ကြောင်း စသည်ဖြင့် ISTAF Super Series အထွေထွေအတွင်းရေးမှူးချုပ် ဒါတိုအစ်ဒွလ် ဟလင်မ်ကာဒရ်က ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော သတင်းမီဒီယာများ၏မေးမြန်းချက်များကို ဒုတိယဝန်ကြီး၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်နှင့် ရိုးရာခြင်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ် ISTAF တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ရွှေမန်းတင်**

# ရွှေပြည်သာမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုနှင့် လျော့နည်းပျောက်ဆုံးမှုများ မဖြစ်ပေါ်စေရန်အတွက် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းနှင့် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရွှေပြည်သာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီပန်းဥယျာဉ်ဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၈ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရွှေပြည်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းဦးတို့ ဦးဆောင်ကြီးကြပ်၍ လျှပ်စစ်ဝန်ထမ်းများနှင့်အတူ ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ် မီတာဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရေးနှင့် ကြံ့ခိုင်မှုရှိစေရေးအတွက် ဓာတ်အားပို့လွှတ်ပစ္စည်းများ စစ်ဆေးခြင်း၊ ကြွေသီးများ အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် ဘုရင့်နောင်လမ်းတစ်လျှောက် ပေ ၇,၂၀၀ ရှည်သော 11 KV မဟာမြိုင် +11 KV ဘုရင့်နောင်မြောက်ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင်သစ်ကိုင်းများအား မြို့နယ်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာန တာဝန်ခံ ဒေါ်လဲ့လဲ့ ခေါင်းဆောင်သော ဝန်ထမ်းများနှင့် ပူးပေါင်းကာ ခုတ်ထွင်ရှင်းလင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# ပတ္တမြားသပြေပင်များ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း အောက်တိုဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် နယ်မြေ ၁၁၊ ၁၂၊ ၁၃၊ (ပိန်းတော)ရှိ တောင်သူဦးကြီးများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ငရုတ်၊ ခရမ်း စသည့် သီးနှံများအပြင် နှစ်ရှည်ပင်၊ သစ်ပင်၊ ပန်းပင်များစိုက်ပျိုးခြင်းလုပ်ငန်းများ တွဲဖက်လုပ်ကိုင်ရောင်းချခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း သိရသည်။

အဆိုပါ သစ်ပင်၊ ပန်းပင်များမှာ ပတ္တမြားသပြေ၊ ကျောက်စိမ်းသပြေ၊ အာဆီယံသပြေ၊ နှင်းဆီ၊ စံပယ်၊ ငှက်ပျောစသော နှစ်ရှည်ပင်များကို တွင်ကျယ်စွာ စိုက်ပျိုးလာကြသည်။ ပတ္တမြားသပြေပင်များကို စိုက်ပျိုးလျှင် မိုးဦးကျအချိန် ယာမြေများတွင် ထယ်ရေး(သုံး)စပ် ထယ်နက်နက် ထယ်ထိုးပြီး မြေပြုပြင် စိုက်ပျိုးကြောင်း၊ ပတ္တမြားသပြေပင်များသည် မိုးကောင်း၊ မိုးခေါင်ဒဏ်များကို ခံနိုင်ပြီး ရေကြာကြာရေဝပ်မှုကို မကြိုက်ကြောင်း၊ သဲနုန်းမြေ၊ မြေသားနက်များတွင် အပင်ပိုမိုဖြစ်ထွန်းကြောင်း သိရသည်။

ပတ္တမြားသပြေ ပျိုးပင်များကို မန္တလေး-မတ္တရာမှ တစ်ပင်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် အပင် ၁၂၅၀ မှာယူ၍ မြေဧက ၀ ဒသမ ၇၅ အကျယ်တွင် မြောင်းစနစ်ဖြင့် စိုက်ပျိုးထားကြကြောင်း၊ ပတ္တမြားသပြေပင်နှင့် အညွန့်များကြီးထွား၍ ပိုးမကျစေရန်အတွက် အားဆေးနှင့် ပိုးသတ်ဆေး အနည်းငယ် ဖျန်းပေးရကြောင်း၊ ပတ္တမြားသပြေပင်များကို စိုက်ပျိုးပြီး ခြောက်လကျော်လျှင် စတင် ဈေးကွက်တင် ရောင်းချနိုင်ကြောင်း၊ ယခုဆိုလျှင် ပတ္တမြားသပြေပင်များ အပင်သက်တမ်း လေးနှစ်ရှိပြီဖြစ်၍ အညွန့် သုံးလေးညွန့်တစ်စည်းလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ဖောက်သည်ပေးခြင်း၊ တပ်ကုန်းမြို့မဈေး၌ ရောင်းချခြင်းဖြင့် မိသားစုပုံမှန်ဝင်ငွေရရှိကြောင်း ပတ္တမြားသပြေစိုက် တောင်သူတစ်ဦးက ပြောပြသည်။ (၄၁၇)



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော e-Government လုပ်ငန်းများအနက် Video Conferencing တပ်ဆင်ခြင်း၊ UPS for Server၊ One Manage Switch နှင့် MEPE Material Planning and Finance Application Server (Hardware and Software) တည်ဆောက်ခြင်းကို တပ်ဆင်စမ်းသပ်ခြင်းအပါအဝင် (Turnkey) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၂၉၊ မြေကွက်တည်နေရာအမှတ် ၂၉၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၁) ဒေါ်ချိုချိုဝင်း ၁၂/တမန(နိုင်)၀၅၉၁၅၅၊ ဒေါ်မို့မို့စိုး ၉/မနမ(နိုင်)၀၆၈၄၂၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (၁) ဒေါ်ချိုချိုဝင်း(အပျိုကြီး)နှင့် ဦးထွန်းထွန်းဝင်းတို့ ကွယ်လွန်သဖြင့် မူလအမည်ပေါက် (၁) ဒေါ်မို့မို့စိုး ၉/မနမ(နိုင်)၀၆၈၄၂၈နှင့် (၂) ဒေါ်စုစုလွင် ၁၂/လမတ(နိုင်)၀၁၁၅၃၅၊ (၃) ဦးမြင့်ဆွေ ၁၂/လမတ(နိုင်)၀၁၃၃၉၁၊ (၃) ဒေါ်ခင်မာကြိုင် ၁၂/တမန(နိုင်)၀၅၉၇၀၀ (ဦးထွန်းထွန်းဝင်း၏ဇနီး)၊ (၅) ဦးဇော်ဝင်း ၁၂/လမတ(နိုင်)၀၁၃၆၅၅၊ (၆) ဒေါ်နုနုထွေး ၁၂/တမန(နိုင်)၀၆၃၀၈၂၊ (၇) ဒေါ်ခင်ခင်လေး ၁၂/လမန(နိုင်)၀၆၃၀၈၃တို့မှ မောင်နှမများနှင့် ယောင်းမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၇**

| | | |
|---|---|---|
| ဒေါ်တင်တင်သော် | **နှင့်** | ၁။ ဒေါ်ခင်မလေး(ခ)မက်ချ် |
| | | ၂။ ဒေါ်ဝင်းဝင်း |
| | | ၃။ ဦးကျော်ငြိမ်း |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ အကွက် ၆၅၃၊ မဟာအောင်မြေမြို့နယ်နေ (၁) ဒေါ်ဝင်းဝင်း၊ (၂) ဦးကျော်ငြိမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဥပဒေနှင့်မညီဘဲ ချုပ်ဆိုထားသော မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဖျက်သိမ်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၂ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းပိုင် ဟိန္ဒားသတ္တုတွင်းစီမံကိန်းရှိ သံလိုက်မှုန့် (Magnetite) ၉၇၄ မက်တန်ခန့်အား ပြည်တွင်းပြည်ပသို့ အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ မီးထိုးဆီ(FO) ၁၀၄၄၀ ဂါလန်ခန့်အား ပြည်တွင်းသို့ ကျပ်ငွေဖြင့်လည်းကောင်း မျက်မြင်အခြေအနေများအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၂-၁၁-၂၀၁၄ ရက် ၁၅း၃၀နာရီဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊မြေကွက်အမှတ် ၅၁၁/က၊ မြေကွက်တည်နေရာအမှတ် ၅၁၁/က၊ ဇေယျာလမ်း၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဝင်းနှင့် ခင်ပွန်းဦးလှဖေတို့ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ကြည် ၁၂/ဥကတ(နိုင်)၀၈၄၈၀၁က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းနှင့် နှစ် ၆၀ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ၄င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၄၆၄(၂၈-၈-၁၄)ဖြင့်ရရှိသူ ဦးကျော်နိုင် ၅/ဆလက(နိုင်)၀၄၉၁၉၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၁၇၁ (၁၅-၉-၁၄)ကိုတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ်(၈၈၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၈၁/ခ)၊ အောင်သစ္စာ(၂)လမ်း၊ ၄/တောင်ရပ်ကွက်၊သာကေတမြို့နယ် ဦးလွန်းရင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလွန်းရင်(ဖခင်)နှင့် ဒေါ်မြိုင်(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ညွှန့်ညွှန့်ဝေ ၁၂/သကတ(နိုင်)၀၇၆၀၃၁ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၁၀၇/၁၄)/ ၁၃-၆-၂၀၁၄ ရသူ ဦးအေးလှိုင် ၁၂/သကတ(နိုင်)၀၇၈၄၅၄ မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရန်ကုန်ဆိပ်ကမ်းတွင် ဆိပ်ခံတံတားခုနစ်ခု ထပ်မံတိုးချဲ့တည်ဆောက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်ဆိပ်ကမ်းတွင် ပင်လယ်ကူးသင်္ဘောကြီးများနှင့် ပြည်တွင်းသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်မှု တိုးပွားလာသည့်အတွက် ဆိပ်ခံတံတားများကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ဆိပ်ခံတံတားခုနစ်ခု ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။



ရန်ကုန်ဆိပ်ကမ်းတွင် လက်ရှိဆိပ်ခံတံတား ၁၈ ခုရှိရာ ဆိပ်ခံတံတားခုနစ်ခုတည်ဆောက်လျက်ရှိသည့်အပြင် နောက်ထပ်ခုနစ်ခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းဆိပ်ခံတံတားများတည်ဆောက်ပြီးပါက ရန်ကုန်ဆိပ်ကမ်းတွင် ဆိပ်ခံတံတား စုစုပေါင်း ၃၂ ခုရှိလာမည်ဖြစ်ပြီး ပင်လယ်ကူးသင်္ဘော ၃၂ စင်း တစ်ပြိုင်နက်တည်း ဝင်ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းများ တိုးတက်လာသည့်အလျောက် ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာမှုများပြားလာလျက်ရှိသည့်အတွက် ဆိပ်ခံတံတားများကိုလည်း တိုးချဲ့တည်ဆောက်နေရခြင်း ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်ဆိပ်ကမ်းတွင် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်နေသကဲ့သို့ အခြားသော စက်သုံးဆီတံတားနှင့် ကုန်သေတ္တာများ တင်ချနိုင်သည့် ဆိပ်ခံတံတားများကိုလည်း တိုးချဲ့တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်ဆိပ်ကမ်းသည် မြန်မာနိုင်ငံတွင် လက်ရှိ၌ အကြီးဆုံးဆိပ်ကမ်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ပင်လယ်ကူးသင်္ဘောများနှင့် ပြည်တွင်း ကမ်းရိုးတန်းသင်္ဘောများ ဝင်ထွက်မှုအများဆုံး ဆိပ်ကမ်းဖြစ်သည်။ **ကြံတိုင်းအောင်**



**အောက်တိုဘာ ၁၇ ရက်က ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်းကကြီးမှူး၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၇၃)ကြိမ်မြောက် ရွှေစင်၊ ရွှေသား၊ ရွှေပြားသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း သီရိရတနာမေ္မာရုံအမှုဆောင်အဖွဲ့နှင့် အလှူရှင်များက ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်းဥက္ကဋ္ဌ ဦးဘသင်းနှင့်အလုပ်အမှုဆောင်အဖွဲ့က လက်ခံယူစဉ်။** တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်းပေါင်းစပ်ဆောင်ရွက်

**မြင်းခြံ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်အတွင်း ပျိုးကန်၊ကန်စွယ်၊ တည်ပင်၊ တောင်ပုံ၊ ညောင်ဝန်းကျေးရွာများကို မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအဖြစ် သတ်မှတ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှု/ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေမှုများကို ဆုံးရှုံးမသွားစေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးများဖြစ်သော ဦးလှနှင့် ဒေါ်ဆွေဇင်ဦးတို့သည် အောက်တိုဘာ ၁၈ ရက်က မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့သွားရောက်ပြီး ကျေးရွာကော်မတီဝင်များ၊ ဘဏ္ဍာရေး စာရင်းကိုင်များနှင့်အတူ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ စာရင်းဇယားများကို ပေါင်းစပ်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



# သွေးတိုးရောဂါ တာကွယ်ပါ

**ဒေါက်တာဘီရော်**

သက်လတ်ပိုင်းလူများတွင် သွေးတိုးရောဂါရှိပါက အသက်ကြီးရင့်လာသောအခါ အသိအမြင်ချို့ယွင်းခြင်းကို ခံစားကြရသည်ဟု သုတေသနအသစ်တစ်ခုက ဆိုပါသည်။

အချိန်ကာလ အနှစ် ၂၀ ကြာခဲ့သော အမေရိကန်လေ့လာမှုတွင် တွေ့ရှိရသည်မှာ အသက် ၅၀ ကျော်၊ ၆၀ တွင်းအရွယ်များ၌ သွေးတိုးရောဂါသို့မဟုတ် သွေးပေါင်ချိန်အနည်းငယ် မြင့်တက်မှု(အကြိုသွေးတိုးရောဂါဟုခေါ်သည့်) စတင်သူများတွင် လေ့လာမှုကာလပြီးဆုံးချိန်၌ စိတ်အခြေအနေမှာ တိုး၍ယိမ်းယိုင်လျော့နည်းနေကြောင်းပင်ဖြစ်သည်။

ဤရလဒ်အသစ်များသည် ကျွမ်းကျင်သူပညာရှင်များ သိနှင့်ပြီးဖြစ်သော ဆက်နွယ်မှုကို ခိုင်မာစေသည်ဟု လေ့လာမှုကို ဦးဆောင်ခဲ့သူ ဘောလ်တီမိုးရှိ ဂျွန်ဟော့ပ်ကင်းဆေးတက္ကသိုလ် အာရုံကြောရောဂါဗေဒဌာနမှ ဒေါက်တာရေဗက်ကာအက်ဖ်ဂေါ်စ်မန်းက ဆိုသည်။ သွေးပေါင်ချိန်မြင့်တက်ခြင်းသည် လေဖြတ်စေခြင်းနှင့် စိတ်မမှန်မှုကို ဖြစ်ပေါ်စေကြောင်း အခြားလေ့လာမှုများ၌လည်း တွေ့ရှိထားပြီးဖြစ်သည်။

"ဆေးကုသမှုမခံယူတဲ့ အကြိုသွေးတိုးရောဂါရှိသူတွေမှာတောင် အသိအမြင်ချို့ယွင်းမှုအတော်အတန်ရှိနေတယ်" ဟု ဂေါ်စ်မန်းက ပြောသည်။

အသက် ၄၈ နှစ်နှင့် ၆၇ နှစ်ကြားရှိ လူပေါင်း ၁၃၀၀၀ ကျော်တွင် သွေးပေါင်ချိန်နှင့် စိတ်စွမ်းဆောင်ရည် အချက်အလက်များကို ၁၉၉၀ အစောပိုင်းနှစ်များမှစတင်၍ အသုံးပြုခဲ့ရာ လူ ၅၀၀၀ ကျော်သည် အသက်ရှင်နေပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နောက်ထပ်စမ်းသပ်မှုများအတွက် အသုံးဝင်ခဲ့သည်။

လေ့လာခြင်းတွင် အုပ်စုသုံးခုခွဲခဲ့ပြီး ၁၉၉၀ အစောပိုင်းနှစ်များက အပေါ်သွေးပေါင်ချိန် ၁၂၀ နှင့် အောက်သွေးပေါင်ချိန် ၈၀ ထက် လျော့နည်းသူများကို သွေးပေါင်ချိန်ပုံမှန်ရှိသူများဟု ယူဆထားသည်။ သွေးပေါင်ချိန် ၁၃၉/၈၉ အထိ ရှိသူများကို အကြိုသွေးတိုးရောဂါရှိသူများဟု ယူဆထားသည်။ ထိုသွေးပေါင်ချိန်များထက်ပိုသူများနှင့် သွေးကျဆေးများကို ဆရာဝန်ညွှန်ကြားချက်အရ သောက်နေရသူများကို သွေးတိုးရောဂါရှိသူများဟု ယူဆထားသည်။

သွေးတိုးရောဂါဖြစ်လျှင် စိတ်ချို့ယွင်းခြင်းသာမက နှလုံးမှ သွေးများကို အားစိုက်ညှစ်ရသောကြောင့် နှလုံးကြီးလာခြင်း၊ နှလုံးကျဆင်းလာခြင်း၊ ဦးနှောက်ထိခိုက်ခြင်း၊ ဦးနှောက်အတွင်းသွေးယိုစီးခြင်း၊ မျက်စိထိခိုက်ခြင်းကြောင့် အမြင်အာရုံမကောင်းခြင်း၊ မျက်စိမှုန်ဝေဖြစ်ခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်း၊ အမြင်ချို့ယွင်းခြင်း၊ စိတ်မူမမှန်ခြင်းတို့လည်း ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။

အနားယူခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ အငန်လျှော့စားခြင်း၊ အရက်ဖြတ်ခြင်း၊ အားကစားလေ့ကျင့်ခြင်း၊ စိတ်ငြိမ်သက်မှုရအောင် ပုတီးစိပ်တရားထိုင်ခြင်း၊ ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း သွေးကျဆေးမှန်မှန်သောက်ခြင်းဖြင့် သွေးတိုးရောဂါကို ထိန်းချုပ်နိုင်ပါသည်။

ထို့ပြင် အနားယူခြင်း၊ အလုပ်လျှော့လုပ်ခြင်း၊ မကြာခဏအနားယူခြင်းများဖြင့် ကိုယ်ရော၊စိတ်ပါဖြေလျှော့ကာ သွေးတိုးဘေးမှ ကင်းဝေးစေနိုင်ပါသည်။ စစ်မှန်သောကာကွယ်နည်းလမ်းများဖြင့် သွေးတိုးဘေးမှ ကင်းဝေးပြီး ကျန်းမာရေးသုခအဝဝကို ခံစားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
### ၂၀၁၄ခုနှစ် တရားမကြီးမှု-၁၄

ဒေါက်တာဝင်းနိုင်ထွေး **နှင့်** ဦးမိုဟာမက်စံလင်း (ပါ ၄)
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၁၀ ရပ်ကွက်၊ ၃၂ လမ်း၊ အမှတ် ၁၁၉ ဒုတိယထပ်နေ ဦးရဲနိုင်လင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားမြို့၊ တောင်သာရပ်ကွက်၊ အမှတ် ၁၄၉၉နေ ဦးစိုးမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၆၁နေ ဦးအောင်ဇော်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ရန်ကုန်တိုင်းတရားရုံး၏၂၀၀၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၄၂တွင် ၂-၆-၂၀၀၄ရက်ကချမှတ်ခဲ့သော စီရင်ချက်၊ ဒီကရီနှင့် ရန်ကုန်မြို့၊ တရားရုံးချုပ်၏ တရားမပြင်ဆင်မှုအမှတ် ၂၉၁/၂၀၀၄တွင် ၁၇-၁၁-၂၀၀၄ရက်က ချမှတ်ခဲ့သော မူလရုံး၏စီရင်ချက်နှင့် ဒီကရီကို အတည်ပြုသည့် အမိန့်နှင့်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၇ရက် နံနက်၁၀နာရီ(၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်)တွင် အထက်ပါ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် ယင်းနေ့ရက်တွင် ရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများကိုလည်း သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ရှေ့နေထံ အပ်နှံပေးပို့ရမည်။ သင်သည် ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခင်နွဲ့နွဲ့)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၄ခုနှစ် တရားမကြီးမှု-၁၅

ဒေါက်တာဝင်းနိုင်ထွေး **နှင့်** ဦးမိုဟာမက်စံလင်း(ပါ ၃)
**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားမြို့၊ တောင်သာရပ်ကွက်၊ အမှတ်၁၄၉၉နေ ဦးစိုးမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်၆၁နေ ဦးအောင်ဇော်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၆၄၃တွင် ၂-၆-၂၀၀၄ ရက်ကချမှတ်ခဲ့သော စီရင်ချက်၊ ဒီကရီနှင့် ရန်ကုန်မြို့ တရားရုံးချုပ်၏ တရားမပထမ အယူခံမှုအမှတ် ၃၉၃/၂၀၀၄ တွင် ၁၇-၁၁-၂၀၀၄ ရက်က ချမှတ်ခဲ့သော မူလရုံး၏စီရင်ချက်နှင့် ဒီကရီကို အတည်ပြုသည့် အမိန့်နှင့်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ (သို့မဟုတ်) အမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၇ရက် နံနက် ၁၀နာရီ (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်)တွင် အထက်ပါတရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။

၎င်းအပြင် ယင်းနေ့ရက်တွင် ရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများကိုလည်း သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ရှေ့နေထံ အပ်နှံပေးပို့ရမည်။ သင်သည်ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခင်နွဲ့နွဲ့)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ပြင်ဆင်မှုလျှောက်လွှာကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူများထံသို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၁၄ခုနှစ် တရားမပြင်ဆင်မှုအမှတ်- ၁၂၂/၁၂၃ /၂၀၁၄

ဦးမောင်ရွှေ **လျှောက်ထားသူ**

**နှင့်**

ဦးမျိုးသူရဝင်း (ပါ၃) **လျှောက်ထားခံရသူများ**
(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်စန္ဒာလင်း)

၂၀၁၄ခုနှစ် မေလ ၂ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ်-၂၂၄/၂၀၁၃ နှင့် ၂၂၅/၂၀၁၃၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ (၁)ဦးမျိုးသူရဝင်း (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်စန္ဒာလင်း)၊ အမှတ်၉၃၂(က)၊ ဇီဇဝါ(၁)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ (၂)ဦးမြင့်လွင်၊ အမှတ်-၁၀၅၀/ဘီ၊ ဗြဟ္မစိုရ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊(၃)ဦးနိုင်ဝင်း၊ အမှတ်-၃၂/၃၃၄၊ ဦးဖိုးသင်းလမ်းနှင့် ချမ်းမြေ့သာယာလမ်းထောင့်၊ (၃၂)ရပ်ကွက်၊မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ လျှောက်ထားခံရသူများသိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာတစ်စောင်စီကို တရားလွှတ်တော်ရှေ့နေဦးတင်ကိုဇော၊ ဒေါ်နွယ်နွယ်ထွေးတို့က တင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၀ရက် နံနက် ၁၀နာရီတွင် ဤရုံးသို့ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(နန်းမေယဉ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

လူမှုအကျိုးပြုသတင်းနှင့်ဆောင်းပါး

## ပျူမြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ် သတ်မှတ်ခြင်းကို ဂုဏ်ပြုသောအားဖြင့် သာယာလှပရေးလုပ်အားပေး

**ပြည် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံရှိ ပျူလူမျိုးများ နေထိုင်ခဲ့ရာ ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာ မြို့တော်ဟောင်းများကို ကမ္ဘာ့အမွေအနှစ် စာရင်းအတွင်း အသိအမှတ်ပြု သတ်မှတ်ခြင်းခံရသဖြင့် အောက်တိုဘာ ၁၈ ရက်က ကျရောက်သည့် International Archaeology Day တွင် ပြည်မြို့နယ်အတွင်းရှိ ပြည်သူများက ယဉ်ကျေးမှုအမွေအနှစ်များအတွင်း သာယာလှပရေးစုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်မြို့ သရေခေတ္တရာ အမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့ Spiksetra Heritage Trust မှ ဦးဆောင်၍ သရေခေတ္တရာ လူငယ်များ သာရေး၊ နာရေးအသင်း၊ Khihayar Youth's Social Welfare Association နှင့် အထက(၁) ပြည်မှ ကင်းထောက်နည်းပြ ဆရာများနှင့် လူငယ်အဖွဲ့များ၊ ဒေသခံဧည့်လမ်းညွှန်သင်တန်းဆင်းလူငယ်များနှင့် ပြည်မြို့မှ ဒေသခံလူငယ်များ၊ မှော်ဇာ ဒေသခံရပ်မိရပ်ဖများနှင့် လူငယ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၂၅၀ တို့က ရှေးဟောင်းနယ်မြေဖြစ်သော မှော်ဇာ ယဉ်ကျေးမှုပြတိုက်ဝန်းကျင်နှင့် ပတ်ဝန်းကျင်နေရာများကို သန့်ရှင်းသာယာလှပရေးအတွက် လုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် လူငယ်လုပ်အားပေးအဖွဲ့ဝင်များသည် မှော်ဇာဒေသဝန်းကျင်နှင့် ပြည်မြို့ပေါ်တို့တွင် ပညာပေး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မင်းလွင်(ပြည်)**

## ရွှေတောင်မြို့နယ် ပေကုန်းရွာအနီးမှ ရှေးဟောင်းရဟန္တာ ၈၀ သိမ်တော်နှင့် သာသနာ့နယ်မြေ

**တွေ့ဆုံမေးမြန်း – ကိုသက်(ဗီးကုန်း)**



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းအုပ်စု ပေကုန်းကျေးရွာအနီး ရှေးဟောင်းရဟန္တာ ၈၀ သိမ်တော်နှင့် စေတီရုပ်ပွားတော်များရှိရာ သာသနာ့နယ်မြေတွင် ရှေးဟောင်းသာသနိက အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို စက်တင်ဘာ ၂၃ ရက်ကတည်းက ဖွဲ့စည်းကာ အောက်တိုဘာ ၄ ရက်တွင် မြို့နယ်သံဃနာယက ဆရာတော်များက ဩဝါဒပေးအပ်ခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ဒေသခံတာဝန်ရှိသူများကို သွားရောက် မေးမြန်းဖြစ်ခဲ့သည်။

**ဦးခင်မောင် (ဒေသခံတောင်သူ)**

ကျွန်တော်က ယာမြေလုပ်ကိုင်ပြီး အသက်မွေးပါတယ်။ ဘုရားဟောင်းမြေရှိတဲ့ နေရာရဲ့ အနီးဆုံးမြေမှာ ထွန်ယက်ခဲ့တာ။ တစ်နေ့တော့ ကျွန်တော်ယာလုပ်နေတုန်း ပြည်မြို့ ရှေးဟောင်းသုတေသနဌာနက တာဝန်ရှိသူတွေရောက်လာပြီး ကျွန်တော့်ကို အနီးအနားက ချုံတွေရှင်းဖို့ တာဝန်ပေးပါတယ်။ အဲဒီနေရာက အရင်က တောထူထပ်ပြီး လူသွားလူလာလည်းမရှိခဲ့ပါဘူး။ ကျွန်တော် စတင်ရှင်းလင်းရင်းကနေ စေတီဟောင်းတွေ၊ ဘုရားဟောင်းတွေကို တွေ့မြင်ခဲ့ရတာပဲ ဖြစ်ပါတယ်။

**ဦးမျိုးဝင်း(အတွင်းရေးမှူး)**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

ရှေးဟောင်း သိမ်တော်ကြီးကို အလယ်မှာထားပြီး လေးထောင့်ပတ်လည် ရဟန္တာရုပ်တု ၈၀ ကို သုံးပေအကွာစီထားပါတယ်။ ထူးခြားတာက ဉာဏ်တော် နှစ်ပေနီးပါးရှိ ရဟန္တာရုပ်တုတွေမှာ ၇၉ ဆူက မျက်လွှာချထားပြီး တစ်ဆူကတော့ မျက်လုံးတော်ဖွင့်ထားပါတယ်။ ရွှေတောင်မြို့မှာ သိမ်သုံးခုရှိပါတယ်။ အခုမြင်ရတဲ့ သိမ်က နေထွက်သိမ်ဖြစ်ပြီး မွန်းတည့်သိမ်က ရွှေတောင်မြို့ အထည်စက်ရုံရှေ့ ကားလမ်းနံဘေးမှာရှိပါတယ်။ နေဝင်သိမ်ကတော့ ရွှေတောင်မြို့ အနောက်ဘက် ၁၄ မိုင်အကွာ ညောင်စာရေးကျေးရွာအုပ်စု ဆည်ကြီးကျေးရွာအနီးမှာ ရှိပါတယ်။

**ဦးတင်စိုး**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်**

သိမ်သုံးသိမ်နဲ့ ဘုရားတွေက အင်းဝခေတ်နှောင်းက လက်ရာတွေဖြစ်တယ်လို့ သုတေသီတွေက ဆိုပါတယ်။ နေထွက်သိမ်မှာရှိတဲ့ အင်ကြင်းကျောက်နဲ့ ပြုလုပ်ထားတဲ့ သိမ်ငုတ်ကြီးတစ်ခုရှိပါတယ်။ သိမ်ငုတ်ကြီးက ရောဂါပျောက်ကင်းတယ်ဆိုပြီး ဘုရားဖူးတွေ အများကြီးလာကြတယ်။ သိမ်ငုတ်ကြီးက ရှေးက ဘုရားသားတော် ရဟန္တာတွေနဲ့ သံဃာတော်တွေ အဓိဋ္ဌာန်ပြုခဲ့တဲ့ တစ်ခုတည်းသော အကြွင်းအကျန်လို့ သတ်မှတ်ပြီး ယုံကြည်လို့ ပူဇော်ကြပါတယ်။ လာရောက်ဖူးမြော်သူတွေကို တစ်ခုတော့ သတိပေးလိုပါတယ်။ ယခုနယ်မြေဆိုတာ သာသနိကနယ်မြေဖြစ်ခဲ့ပြီး သာသနိကပစ္စည်းတွေဖြစ်လို့ အဆောင်အတွက် ရိုက်ဖွဲ့ယူသွားတာတွေ မလုပ်ကြဖို့ဖြစ်ပါတယ်။

ထူးခြားမှုတစ်ခုကတော့ ဘုရားရဲ့ တနင်္ဂနွေထောင့်မှာ ညာခြေကြွလျက် လှမ်းနေတဲ့ မတ်တတ်ရုပ်ပွားတော် တစ်ဆူကို အပျက်အစီးမရှိ ဖူးတွေ့နိုင်မှာဖြစ်ပါတယ်။ ဘုရားဖူးတွေ မပြတ် ရောက်ရှိလာနေတဲ့အတွက် အဆင်ပြေအောင် အဖွဲ့ကနေ ကြိုးစားဆောင်ရွက်ပေးနေပါတယ်။

ဘုရားဖူးများအနေဖြင့် ရွှေတောင်မြို့သို့ရောက်ရှိပါက တည်ကုန်းကားဂိတ်တွင်ဆင်းကာ ကားလမ်းအရှေ့ဘက် ရဟန္တာ ၈၀ နှင့် နေထွက်သိမ် ဟူသော လမ်းညွှန်ဆိုင်းဘုတ်အတိုင်း တစ်မိုင်ခွဲခန့် သွားရောက်ပါက ရှေးဟောင်း သာသနာ့နယ်မြေသို့ ရောက်ရှိမည်ဖြစ်ကာလာရောက်ဖူးမြော်နိုင်ပါရန် ဖိတ်ခေါ်ကုသိုလ်ယူတင်ပြလိုက်ရပါသည်။ ။

## အမျိုးသားတက္ကသိုလ် ခုနစ်ခုခန့် တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် အမျိုးသားတက္ကသိုလ် ခုနစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ အမျိုးသားတက္ကသိုလ် ခုနစ်ခုတည်ဆောက်ရာ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းသုံးခု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သုံးခုနှင့် နေပြည်တော်တွင်တစ်ခု တည်ဆောက်သွားမည် ဖြစ်သည်။ ရန်ကုန်အမျိုးသားတက္ကသိုလ် (National University of Yangon)ကို တည်ဆောက်ရာတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်အချို့ကို စုစည်းကာ ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ၊ ကွန်ပျူတာ၊ စီးပွားရေးအထူးပြုသင်တန်းများ ထည့်သွင်းကာ ဖွင့်လှစ်သွားရန် ရည်ရွယ်ထားသည်။

ထို့အတူ မန္တလေးအမျိုးသားတက္ကသိုလ် (National University of Mandalay) နှင့် နေပြည်တော်အမျိုးသားတက္ကသိုလ်တို့ကို လည်း တက္ကသိုလ်များစုစည်းမှုဖြင့် ဖွဲ့စည်းထူထောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာတက္ကသိုလ်များနှင့်လည်း ပူးပေါင်း ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း သိရသည်။

**မောင်နွေသစ်**

## ကောလင်းမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးသားပေါက်များ အခမဲ့ပေးအပ်

**ကောလင်း အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြေနီအုပ်စု တံဇူးကျေးရွာ တောင်သူ ဦးမြစန်းငွေနှင့် တောင်သူ ကိုးဦးတို့၏ စပါးခင်း ၆၅ ဧကအတွင်းသို့ ငါးသားပေါက်များစိုက်ထည့်ပွဲကို အောက်တိုဘာ ၁၈ ရက်က ကျင်းပရာ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ငါးသားပေါက်ကောင်ရေ ၃၂၅၀၀ ကို စပါးခင်းများတွင် စိုက်ထည့်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**အမည်ပြောင်း**

ဘားအံတက္ကသိုလ်၊ ပထမနှစ်၊ ၁-မ-၁၄ မြန်မာစာအထူးပြုဖြင့် တက်ရောက်နေသော မိအိသန္တာဖြိုး ၃/ဘအန(နိုင်)၃၂၂၈၀၈ အား မအိသန္တာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အထက(ခွဲ)၊ လ-၆၊ တက္ကသိုလ်ဝင်တန်းမှ မဖြိုးအိကျော်၏ ဖခင်မှာ ဦးအောင်အောင်သက်နှင့် ဦးအောင်သက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်အောင်သက်(ခ)ဦးအောင်သက်**
**၇/လပတ(နိုင်)၀၉၄၂၆၂**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၁၅၂၉၁ Honda Dream ND 125m M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းလေး ၆/ကစန(နိုင်)၀၃၄၁၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညနခရိုင်ဦးစီးမှူးရုံး (မြိတ်)**

**မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး**
**နှစ်တစ်ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းအတွက်**
**ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာမူများ ပေးပို့ရန် ဖိတ်ခေါ်ခြင်း**

မြန်မာသက္ကရာဇ် ၁၂၇၆ခုနှစ် ခရစ်သက္ကရာဇ် ၁၉၁၅ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဘာသာ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသော မြန်မာပြည်ဗုဒ္ဓဘာသာ ပုညကုသလအသင်းကြီး (Burma Buddhist Merited Association) BBMAသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ၌ သက်တမ်းနှစ်ပေါင်း (၁၀၀)ပြည့်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အသင်းကြီး၏ ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေမည်ဖြစ်ရာ ပရိယတ္တိသာသနာနှင့်ပတ်သက်သည့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစသည့်စာမူများကို ဆရာတော် သံဃာတော်၊ စာပေပညာရှင်များနှင့် စာရေးဆရာများထံမှ ပေးပို့ကြပါရန် ဖိတ်ခေါ်တောင်းခံအပ်ပါသည်။

စာမူများ ပေးပို့ရာတွင် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထားပေးပို့စေလိုပါသည်။

ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များနှင့် BBMAအသင်းသားများထံမှ အသင်းနှင့်ပတ်သက်သော ဓာတ်ပုံ၊ မှတ်တမ်းမှတ်ရာ၊ စာရွက်စာတမ်း၊ အမှတ်တရပစ္စည်းများရှိပါက ကျေးဇူးပြု၍အသင်းသို့ ပေးပို့ကူညီကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ (မူရင်းများကို ပြန်လည်ပေးအပ်ပါမည်)

**ရာပြည့်ပွဲကျင်းပရေးကော်မတီ**
**မြန်မာပြည်ဗုဒ္ဓဘာသာ ပုညကုသလအသင်းကြီး**
**အမှတ် ၁၈၇/၁၈၉၊ အနော်ရထာလမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊**
**ဖုန်း-၀၉-၇၃၁၄၅၂၀၀၊ ၀၉-၂၅၄၁၃၄၅၄၃**

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့ အထက (၁)တက္ကသိုလ်ဝင်တန်း I.Bမှ မနှင်းနုဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဖြစ်ပါသည်။

**ဦးအောင်မြင့်**
**၁၀/ကထန(နိုင်)၀၄၉၆၈၅**

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်းI.Eမှ မောင်အောင်ကို၏ ဖခင်အမည်မှန်မှာ ဦးစောဝင်းလှိုင် ၁၀/ကထန(နိုင်)၀၇၄၅၇၂ ဖြစ်ပါသည်။

**စစ်ကိုင်းရွှေဟင်္သာစံကျောင်း**
**ဘုံကထိန်လျာသင်္ကန်း ကပ်လှူပူဇော်ပွဲ**

စစ်ကိုင်း ရွှေဟင်္သာစံကျောင်း (၂၂)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် စံကျောင်းဒါယကာ၊ ဒါယိကာမ မိသားစုများအား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - ရွှေဟင်္သာဆရာတော်ကြီး အထိမ်းအမှတ်ဓမ္မာရုံ စစ်ကိုင်းတိုင်း ရွှေဟင်္သာစံကျောင်း၊ အမှတ်(၁၉/က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားစေရေး ကုမ္ပဏီများ လုပ်ဆောင်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်မှု၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု အုပ်စုလီမိတက်တို့ ပူးပေါင်းကာ မြန်မာ့ရုပ်ရှင်လုပ်ငန်းများ အဆင့်အတန်းမြင့်မားရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။




အဆိုပါ လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့ပြီး အခမ်းအနားတွင် နှစ်ဦးနှစ်ဖက် ကုမ္ပဏီများမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အဆင့်မြင့်မားရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ တင်ဆက်ပြသနိုင်မည့် အခြေအနေများ ကြိုးပမ်းနေမှုများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အကျိုးတူလုပ်ငန်းစုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း- ခင်ရတနာ**
**ဓာတ်ပုံ- ဝသန်လင်း**

# ဖျာပုံ၌ ကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်

**ဖျာပုံ အောက်တိုဘာ ၂၀**

ဖျာပုံမြို့ အမှတ်(၁၁)ရပ်ကွက် စာတိုက်(၄) လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းတွင် တက်ရောက်လျက်ရှိသော ကလေးငယ်များအား ဉာဏစွမ်းရည် ထက်မြက်စေရန်အတွက် ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်က ကျင်းပရာ မူလတန်းကြို ကလေးငယ် ၁၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများကို ဖျာပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်သီတာဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ ဖျာပုံမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းကို ဇွန် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မူလတန်းကျောင်းများသို့ မဝင်ရောက်မီ အသက် သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးများကို ကြိုတင်ပြုစုပျိုးထောင်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# ကလေးမြို့ ပြည်သူများအတွက် မြို့ရှောင်လမ်းဖောက်လုပ်

**ကလေး အောက်တိုဘာ ၂၀**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် အကျိုးပြုမည့်မြို့ရှောင်လမ်းကို ဇွန် ၁၆ ရက်မှ စတင်တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ မကြာမီအသုံးပြုနိုင်တော့မည် ဖြစ်သည်။

အောင်သစ္စာရပ်ကွက် အတွင်း အရှည် ၆၁၄၁ ပေ၊ မြို့လှရပ်ကွက်အတွင်း အရှည် ၄၇၄၂ ပေ စုစုပေါင်းအရှည် ၁၀၈၈၃ ပေနှင့်လမ်းသားအကျယ်ပေ ၆၀ ရှိ တစ်ကြောင်းထိုးမြေသားလမ်းကို မြို့ရှောင်လမ်း ဖောက်လုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လယ်ယာမြေများကိုဖြတ်၍ ဖောက်လုပ်ခြင်းဖြစ်ပြီး ကျောက်ခုံခံ သစ်သားတံတား သုံးစင်းကိုလည်း တည်ဆောက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# ကလေးအခြေပြုအဖွဲ့အစည်းများ လုပ်ဆောင်ရည်မြှင့်တင်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၀**

လူမှုဝန်ထမ်းဦးစီးဌာန ကလေးအခြေပြု အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီးကလေးသူငယ်အခွင့်အရေးများကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် ကလေးအခွင့်အရေးရရှိနေမှုအခြေအနေများ၊ လစ်ဟာနေမှုများကို ထိရောက်သောစောင့်ကြည့်လေ့လာခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် Save the Children အဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပေးမြှင့်တင်မှုအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က စပါယ်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။



ကျောက်ပန်းတောင်းမြို့နယ် (TC RC) အဖွဲ့ အတွင်းရေးမှူးဒေါ်ညွန့်ဝေနှင့် Save the Children အဖွဲ့၊ မိတ္ထီလာမြို့နယ် ဒေသဆိုင်ရာ တာဝန်ခံ ဒေါ်သီဂီတို့က လုပ်ငန်းစဉ်မြှင့်တင်ရေးဆွေးနွေးခဲ့ပြီး ကလေးအဆိုရှင် မေသက်ထားဆွေနှင့် ကလေးကိုယ်စားလှယ်များက ကလေးအခွင့်အရေးကြေညာစာတမ်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး အခြားပျော်ရွှင်ဖွယ်အစီအစဉ်များ တင်ဆက်ခြင်း၊ ကလေးအခွင့်အရေးဆိုင်ရာ လက်ကမ်းစာစောင်များ မျှဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကနီမြို့နယ်အတွင်း အိန္ဒိယဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးစပါးများ အထွက်နှုန်းမြင့်မားလာ

**ကနီ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်၌ ယခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၂၁၀၃၂ အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးရုံးမှ သိရသည်။

ယင်းမိုးစပါးများစိုက်ပျိုးအောင်မြင်ခြင်းမှာ အောက်တိုဘာလဆန်းပိုင်း၌ အိန္ဒိယနိုင်ငံတွင် ဝင်ရောက်တိုက်ခတ်ခဲ့သော Hud Hud ဆိုင်ကလုန်းမုန်တိုင်းအဖျားခတ်ကာ မိုးများရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်သည်။

"ကျွန်တော့်မှာ လယ်မြေ နှစ်ဧကရှိပါတယ်။ အရင်နှစ်က မြို့နယ်စိုက်ပျိုးရေးရုံးက ပုလဲသွယ်စပ်မျိုးစပါးကို စမ်းသပ်စိုက်ကြည့်တာ ဧကဝက်ကို စပါး ၅၅ တင်း ထွက်ခဲ့တယ်။ မိရိုးဖလာစိုက်တုန်းက တစ်ဧကခွဲကို ၁၂၅ တင်းသာထွက်လို့ ပုလဲသွယ်က အထွက်သာတဲ့အတွက် ဒီနှစ်မှာ နှစ်ဧကနီးပါးစလုံး ပုလဲသွယ်ကိုပဲ စိုက်ပျိုးပါတယ်။ စုစုပေါင်း တင်း ၂၄၀ လောက်ထွက်မယ်မှန်းထားတယ်။ မိုးရေလုံလောက်သွားတဲ့အတွက် ကျွန်တော်တို့ အများကြီးအဆင်ပြေသွားတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**

**အယူခံမှုကိုကြားနာစစ်ဆေးရန်ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ**

**တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်း ၁၄**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၄ခုနှစ် တရားမအယူခံမှုအမှတ်-၅၆၄**

ဦးမောင်ရွှေ **အယူခံတရားလို**

**နှင့်**

ဦးမျိုးသူရဝင်း(၎င်း၏ကိုယ်စား
လှယ်စာရသူ ဒေါ်ခင်စန္ဒာလင်း) **အယူခံတရားပြိုင်**

၂၀၁၄ ခုနှစ် မေ ၂၈ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏တရားမပထမအယူခံမှုအမှတ်-၂၂၇/၂၀၁၃၏ဒီကရီမှအယူခံမှုလျှောက်လွှာနှင့် ပတ်သက်၍ ဦးမျိုးသူရဝင်း(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်စန္ဒာလင်း)အမှတ် ၉၃၂(က)၊ ဇီဇဝါ(၁)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ အယူခံတရားပြိုင်သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေဦးတင်ကိုစော၊ ဒေါ်နွယ်နွယ်ထွေးတို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံမှုလျှောက်လွှာကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ရက် နံနက် ၁၀နာရီတွင် ဤရုံးသို့ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော်သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(နန်းမေယဉ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမ တရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

**ဖခင်အမည်မှန်**

ရွှေပြည်သာမြို့နယ်၊ အမက(၂၄) စတုတ္ထတန်း(က)မှ မယုယုခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုမြင့် ဖြစ်ပါသည်။

**မင်းကင်းကျောင်းတိုက်**
**စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ မင်းကင်းကျောင်းတိုက်၌ ပုရိမဝါမှထတော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ကထိန်ဒါယကာ ဦးဇော်မင်း-ကထိန်ဒါယိကာမ ဒေါ်သီတာဝင်း(သား)မောင်ရာဇာဇော်မင်းမိသားစုတို့က မတည်၍ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ရက်) ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေစက်ချလှူဒါန်းမည်ဖြစ်ပါသည်။

**ကထိန်ပွဲဖြစ်မြောက်ရေးအဖွဲ့**
**ဖုန်း-၀၁-၅၅၆၆၃၃**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

တောင်ငူမြို့၊ တပင်ရွှေထီးလမ်း၊ အိမ်အမှတ် ၆/၂၄၆နေ သားဖြစ်သူ ရဲမင်းအောင် ၇/တငန(နိုင်)၁၅၉၇၉၁သည် မိဘ၏သွန်သင်ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသဖြင့် ၁၅-၁၀-၂၀၁၄ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။)

**မိဘ ဦးမြင့်ဝင်း-ဒေါ်ခိုင်ခိုင်ထွေး(တောင်ငူ)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ကျောက်ဖြူ GT-ရမ်းဗြဲနှင့် ကျောက်ဖြူ GT-မဒဲ ၆၆ ကေဗွီဓာတ်အားလိုင်းများအတွက် လိုအပ်သော ၁၅ မီတာ ကွန်ကရစ်ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၀-၁၀-၂၀၁၄ ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၃၁-၁၀-၂၀၁၄ ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - | ၁၄:၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံတောင်တိုးချဲ့၊ အကြီးစား စက်မှုဇုန်ရှိ (SHOP HOUSE) အိမ်ရာစီမံကိန်း တိုက်အမှတ်(၃)၊ အခန်းအမှတ်(၁၀၁၊ ၁၀၂) အခန်းသည် ခင်ပွန်းဖြစ်သူ ဦးအရ ၁၂/ကမတ(နိုင်)၀၄၄၅၉၃ အမည်ဖြင့်တည်ရှိသော အခန်းဖြစ်ပါသည်။ဦးအရသည် ၂၄-၉-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းသန်းဝင်း ၁၂/ကမတ(နိုင်)၀၄၂၉၄၃ အမည်သို့ပြောင်းလဲ၍ ပိုင်ဆိုင်မှုစာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# သာသနပူဇာ မြတ်မင်္ဂလာ တရားအလှူတော် ဖိတ်ကြားလွှာ

မြတ်စွာဘုရား၏ ကြီးမားသော မဟာကရုဏာတော်ဖြင့် ဟောကြားတော်မူခဲ့သော တရားတော်များကို

ကျေးဇူးတော်ရှင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

**ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (Ph.D)**

အရှင်သူမြတ်မှ ၂၂-၁၀-၂၀၁၄ (ဗုဒ္ဓဟူး)နေ့ ည ၇း၃၀ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တံတားလေးလမ်းဝရှိ ဇမ္ဗူသီရိဗိမာန်တော်၌ နိဗ္ဗာန်ရောက်ကြောင်း တရားရေအေး တိုက်ကျွေး၊ ဆုံးမပေးသနားတော်မူမည်ဖြစ်ပါသဖြင့် တရားချစ်ခင်သူတော်စင်အပေါင်းတို့အား ဓမ္မအသိဉာဏ်ရရှိစေရန် ရည်ရွယ်၍ တရားတော်နာ ကြွရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျင်းပခဲ့သော အောက်ဖော်ပြပါ သက်ဆိုင်ရာဘွဲ့စာမေးပွဲအသီးသီးကို ယှဉ်တွဲပါ ပညာသင်နှစ်များအလိုက် အောင်မြင်သူများသည် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၁၊ ၂၂နှင့် ၂၃ရက်များတွင်ကျင်းပမည့် စစ်ကိုင်းပညာရေးတက္ကသိုလ်(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းအမှတ်စဉ် | ပညာသင်နှစ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မဟာပညာရေးဘွဲ့ | အပတ်စဉ်-၁၅ | ၂၀၁၃-၂၀၁၄ | |
| ၂။ | မဟာဒဿန(ပညာရေး)ဘွဲ့ | အပတ်စဉ်-၇ | ၂၀၁၃-၂၀၁၄ | |
| ၃။ | ပညာရေးဘွဲ့ | အပတ်စဉ်-၂၀ (နောက်ဆက်တွဲအောင်မြင်သူများ) | ၂၀၁၂-၂၀၁၃ | |
| ၄။ | ပညာရေးဘွဲ့ | အပတ်စဉ်-၂၁ | ၂၀၁၃-၂၀၁၄ | |
| ၅။ | ပညာရေးဘွဲ့(စာပေးစာယူ) | အပတ်စဉ်-၁၄ | ၂၀၁၃-၂၀၁၄ | |
| ၆။ | မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ(ပညာရေး) | အပတ်စဉ်-၁၄ | ၂၀၁၃-၂၀၁၄ | |

ဖော်ပြပါပညာသင်နှစ် မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၂။ လျှောက်လွှာပုံစံများကို စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး၊ ဘွဲ့နှင်းသဘင် တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ရန်လျှောက်ထားပြီး ဘွဲ့နှင်းအခမ်းအနားတက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးပါမည်။

၃။ လျှောက်ထားသူသည် (၁)လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (၂×၁½)လက်မအရွယ် (ဓာတ်ပုံနောက်ခံအပြာနုရောင်) ဓာတ်ပုံ(၃)ပုံနှင့် ဓာတ်ပုံ၏နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ်တို့ကို ပီသစွာရေးသား၍ ကျောင်းသားမှတ်ပုံတင်ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူသက်မှတ်ပုံစံဖြင့် ပူးတွဲလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် တက်ရောက်ဘွဲ့အတွက် ၁၅၀၀/-(ကျပ်တစ်ထောင်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့အတွက် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) ဘွဲ့နှင်းသဘင်ကြေးပေးသွင်းရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် (မြန်မာထဘီ၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ရပ်ဝေးမှပေးပို့လျှောက်ထားလိုသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာဖြင့် ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်ထံသို့ လိပ်မူပေးပို့၍ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့်ခုံအမှတ်၊ ခုနှစ်၊ လနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာများကို ၇-၁၁-၂၀၁၄ ရက် နောက်ဆုံးပေးပို့ လျှောက်ထားရမည်။

၈။ ဘွဲ့ဝတ်စုံငှားယူခွင့် ထောက်ခံစာကို ၁၇-၁၁-၂၀၁၄ရက်မှစ၍ မော်ကွန်းထိန်းရုံးတွင် ထုတ်ပေးမည်။

၉။ ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်-

**ကျင်းပမည့်နေ့ရက်** - ၂၂-၁၁-၂၀၁၄ ရက် (စနေနေ့) နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း
- ၂၃-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း

**ကျင်းပမည့်အချိန်** - နံနက်ပိုင်း ၉း၀၀ နာရီ၊ မွန်းလွဲပိုင်း ၁၄း၀၀ နာရီ

**ကျင်းပမည့်နေရာ** - စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းမြို့

**အစမ်းလေ့ကျင့်မည့်နေ့ရက်** - ၂၁-၁၁-၂၀၁၄ ရက် (သောကြာနေ့)

**ကျင်းပမည့်အချိန်** - နံနက်ပိုင်း ၉း၀၀ နာရီ၊ မွန်းလွဲပိုင်း ၁၄း၀၀ နာရီ

၁၀။ အသေးစိတ်သိလိုပါက သင်တန်းရေးရာရုံး ဖုန်း-၀၇၂-၂၂၀၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**မော်ကွန်းထိန်း**
**သင်တန်းရေးရာဌာန**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

နှစ်ဖက်သောဘိုးဘိုး၊ ဘွားဘွားတို့၏ မြေးဦးရတနာ အမြွှာညီအစ်မများဖြစ်သော နန့်ရွှန်းလဲ့ပိုး (Bella) နှင့် နန့်ရွှန်းလဲ့ဖြိုး (Ella) (Pre K2, Brilliant Stars Int'l School, Tarmwe) တို့၏ ၂၁-၁၀-၂၀၁၄ရက်တွင် ကျရောက်သော (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် အေးချမ်းသာယာချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်နိုင်ပြီး အောင်မြင်မှု ဘဝခရီးပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဘိုးဘိုး-ဘွားဘွားများ** - **ဦးဝင်းမောင်-(ဂေါ့အေးမြင့်)**
- **မန်းလင်းစိန်-ဂေါ့တင်လှ**

**ပါပါကြီး-မိုမိုကြီး** - **စစိုးစိုးလင်း-ဒေါက်တာနန့်လဲ့လဲ့ဝင်း**
- **ဦးဦးများနှင့် တီတီများ**

ခေတ်ပြတိုက်စာပေ၏စာအုပ်များ
အောင်ဒင်/ဒဂ္ဂ
အနှစ်နှစ်ဆယ် ကဗျာစု
(ဒဂ္ဂအမည်ဖြင့် ၁၉၇၀-၁၉၉၀ ခုနှစ်များအတွင်း ရေးသားခဲ့သော ကဗျာများ စုစည်းမှု)
ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလနှင့် တာဝန်ကြီးလာသော မြန်မာ့ပထဝီနိုင်ငံရေး
ကိုသန်း(ကြည့်မြင်တိုင်)
(လက်ရှိ မြန်မာနိုင်ငံရေး စီးပွားရေးသုံးသပ်ချက် ဆောင်းပါးများစုစည်းမှု)
ထွက်ပြီ
ဖုန်း - ၀၉ ၇၃၀ ၃၇၇၂၇၊ ၀၉ ၅၀ ၇၉၆၇၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဋ္ဌပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်၌
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၇

ဦးတင်အေး နှင့်
၁။ ဒေါ်ထွန်း
၂။ ဒေါ်ခင်အေး
၃။ ဦးငွေသိန်း
၄။ ဒေါ်တင်စိန်
၅။ ဦးဖိုးတုတ်
၆။ ဦးစံဝင်း
၇။ မတင်နွဲ့

**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေတန်းကျေးရွာအုပ်စု၊ သပြေတန်းကျေးရွာ အိမ်အမှတ် ၂၂၅နေ ဦးငွေသိန်း (ယခုနေရပ်လိပ်စာမသိ)နှင့် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရွာသစ်ကြီးရွာနေ ဦးစံဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်အေးက အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၉ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝတ်မှုန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၅၈၆၁ Honda Dream No. 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဘူးဒေ ၆/ပလန(နိုင်)၀၅၁၃၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## အများသိစေရန်

ဦးမျိုးဆွေ ၁၂/ဒပန (နိုင်) ၀၁၃၃၇၉ မှ ဦးမောင်ဖြူ ၁၂/အစန (နိုင်)၁၃၇၈၂၇ ထံလွှဲအပ်ခဲ့သော ၃၀-၁၁-၂၀၀၄ ကိုယ်စားလှယ်လွှဲစာအမှတ် ၆၈၁၃ အား ကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းပြီးပါကြောင်း။

**ဦးမျိုးဆွေ**
**၁၂/ဒပန(နိုင်)၀၁၃၃၇၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ် (၁၈၈/၁၉၀)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၁၆ဒီ၂၊ မြေကွက်အမှတ် V Class 46 အမည်ပေါက် E Ahmed Saimaနှင့် မြေကွက်အမှတ် V Class 47 အမည်ပေါက် Mrs.Joanna Joseph အမည်ရှိ မြေပိုင်မြေနှစ်ကွက်အား အရောင်းစာချုပ် ၁၅၃၂/၁၉၆၁ ဖြင့် (၁)Ebrahim Esoof Sama (a) C E Sema (၂) Ayoob Esoof Sema (၃) Hawa Bi Bi (၄) Mariam Bi Bi တို့ထံမှ Bhogilal Maganlal မှ ဝယ်ယူခဲ့ကြောင်း စာချုပ်၊ ပန်းဘဲတန်းမြို့နယ်တရားရုံးတရားမကြီးမှုအမှတ် ၅/၂၀၁၂၏၂၀-၇-၂၀၁၂ရက်စွဲပါ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခွင့် အနိုင်ဒီကရီနှင့် ပန်းဘဲတန်းမြို့နယ်၊ တရားမဇာရီမှုအမှတ်-၆/၂၀၁၂၏ ၄-၉-၂၀၁၂ ရက် အမိန့်၊ တရားရုံးကိုယ်စား စာချုပ်ချုပ်ဆိုပေးရန် ပန်းဘဲတန်းမြို့နယ် တရားရုံး၏၂၁-၉-၂၀၁၂ ရက်စွဲပါ ဘိလစ်ခန့်အပ်စာတို့ကို တင်ပြပြီး ဘိလစ်ဒေါ်ဆွေဆွေမော် ၁၂/ဗဟန(နိုင်) ၀၀၁၁၅၀ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသဖြင့် ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊မြေကွက်အမှတ် ၃၈၂၊ မြေကွက်တည်နေရာအမှတ် ၃၈၂၊ ပဒုမ္မာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်[ဦးနပြာ(ခ) ဦးနဗျာ CM-၀၁၄၃၈၅] အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးနပြာ(ခ) ဦးနဗျာ(ဖခင်)နှင့် ဒေါ်ဆရီဖာ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်မခွေး ၁၂/ဒပန(နိုင်) ၀၃၆၇၈၆၊ ဦးလှအောင် ၁၂/ဒပန(နိုင်)၀၄၀၄၉၄၊ ဒေါ်ဇိနိုန(ခ) ဒေါ်မြမြသွင် P/RGN-၀၀၇၇၇၂၊ ဒေါ်အေးအေး ၁၂/ဒပန(နိုင်)၀၄၀၄၉၇၊ ဦးကျော်မိုး ၁၂/ဒပန(နိုင်) ၀၄၀၄၉၅၊ ဦးကျော်စိုး ၁၂/ဒပန(နိုင်)၀၄၀၄၉၆ တို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၆၂၉/၁၃/၁၁-၁၀-၁၃၊ ၃၂၅၃/၁၄/၃-၂-၁၄၊ ၄၇၀၆/၁၄/၁၇-၂-၁၄၊ ၂၀၂၀၆/၁၃/၂၁-၁၀-၁၃၊ ၂၀၂၀၅/၁၃/၂၁-၁၀-၁၃ ရရှိသူ ဦးစိုးဝင်း ၁၂/ဥကတ(နိုင်)၀၉၆၂၇၂က ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ (ပိုင်ဆိုင်+စွန့်လွှတ်)စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၆၀၅၊ မြေကွက်တည်နေရာအမှတ် ၆၀၅၊ ရန်ပြေ ၁၂ လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်(ဒေါ်သိန်းကြည်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းကြည် အစ်မ (အပျိုကြီးဘဝဖြင့်ကွယ်လွန်)နှင့် တစ်ဦးတည်းသောညီမတော်စပ်သူ ဒေါ်လှရီ(ဇနီး)တို့ ကွယ်လွန်သဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသန်းကြည် ၅/ပလန(နိုင်)၀၆၇၂၉၅ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၉၉၈/ ၁၄(၃-၆-၂၀၁၄)ရသူ ဦးစနိုင်ထွန်းလွင် ၁၄/ဝခမ(နိုင်)၀၁၅၃၈၆က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

မြေတိုင်းအမှတ်(၄၁)၊ ပန်းခြံ(၃၆)၊ အမှတ် ၂၃၈၉(ခ)တ၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ရှိ အလျား ၂၀×၆၀ ခြံမြေ၏ ဦးတင်ငြိမ်း အမည်ပေါက် မြေချပါမစ်မူရင်းအား ငွေချေးငှားရာတွင် ပေးအပ်ထားခဲ့ရသဖြင့် ယခုအခါ ထိုခြံကွက်အား ရောင်းချမည်ဖြစ်၍ ခြံကွက်၏ပိုင်ဆိုင်မှုစာရွက်စာတမ်းပါမစ်မူရင်းကို ပြန်လည်ရယူလို၍ ပါမစ်မူရင်းလက်ခံရယူထားသူမှ ထိုကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ဆက်သွယ်၍ပေးအပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတင်ငြိမ်း**
**ဖုန်း-၀၉-၃၀၃၉၁၄၈၀၊**
**၀၉-၇၃၀၉၁၁၉၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချို့နွယ်စိုး (အယ်လ်အယ်လ်ဘီ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၆၂)**
**အမှတ် ၄၉၃၊ နဂါးရုံဘုရားလမ်း၊**
**(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၂၅၉၀၃**

## အထွေထွေကိုယ်စားလှယ်လွှဲအပ်စာနှင့် စာချုပ်စာတမ်းများရုပ်သိမ်းခြင်း

တောင်ငူမြို့ ၁၆ ရပ်ကွက် နံပါတ် (၁)လမ်းနေ ဒေါ်သန်းသန်းညွန့် ၇/တငန(နိုင်) ၀၁၄၉၆၀ (ဘ) ဦးငွေညွန့်မှ ဒေါ်ချိုချိုစိန် ၇/တငန(နိုင်)၀၇၄၉၄၀အား (၁၇-၁၂-၂၀၀၉) ရက်တွင် တောင်ငူမြို့ စာချုပ်စာတမ်းရုံး၌ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် ၂၉၄/၂၀၀၉နှင့် လက်မှတ်ရေးထိုးပေးခဲ့သော စာချုပ်စာတမ်းများအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါသည်။

**ဒေါ်သန်းသန်းညွန့်၊ ၇/တငန(နိုင်)၀၁၄၉၆၀**
**၁၆ ရပ်ကွက်၊ နံပါတ် (၁)လမ်း၊ တောင်ငူမြို့**

## စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၅၈**

ဒေါ်အေးအေးသန့် **နှင့်** ဒေါ်စိန်မြင့်
**တရားလို** **တရားပြိုင်**

ဒေါ်စိန်မြင့် မ-၆၈၊ စိမ်းလဲ့သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဆိုပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ်၃၁၂၅၊၃၁၂၆၊ မြေကွက်တည်နေရာအမှတ်၃၁၂၅၊ ၃၁၂၆၊ ဦးအောင်မြတ်လမ်း၊ ဒလမြို့နယ် (ဒေါ်စိန်ချစ်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စိန်ချစ်ထံမှ ၁၅-၉-၁၉၉၅ နှင့် ၁၅-၁၁-၂၀၁၁ရက် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဘေရာမူတူး(ခ)ဦးဝင်းနိုင် ၁၂/မဂတ(ဧည့်)၀၀၀၁၉၇ (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီး ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၅ မှ ၂၁-၈-၂၀၁၄ ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ ရက် (စနေနေ့) ည ၈း၀၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်သောင်း(ဥက္ကဋ္ဌ)-ဒေါ်ကြည်ဝင်းမိသားစု**
**Aung Thaung Co.,Ltd &**
**Yangon Transformer & Electrical Co.,Ltd**

## ဦးကြည်ဝင်း(ခ)ကိုကြည်

**ရပ်ရှင်ကော်ပိုရေးရှင်း(ငြိမ်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မုဒိတာအိမ်ရာ၊ တိုက်(စီ)၊ အခန်း ၇၂၃နေ (ဦးကြန်-ဒေါ်ခင်ဆုံ)တို့၏သားသမက်၊ ဒေါ်မိမိဝင်း၏ခင်ပွန်း၊ ဦးမင်းမင်းကြည်ဝင်း-ဒေါ်ညိမ်းညိမ်းကျော်၊ ဦးအောင်အောင်ကြည်ဝင်း၊ ဦးဇော်ဇော်ကြည်ဝင်းတို့၏ဖခင်၊ မောင်ရဲရင့်သစ္စာနှင့် မောင်ကျော်ဇင်သူတို့၏အဘိုး၊ ဦးတင်လှိုင်-ဒေါ်ခင်မြင့်၊ ဦးရဲမြင့်-(ဒေါ်တင်တင်နွဲ့)၊ (ဦးဝင်းမောင်)-ဒေါ်လှလှတို့၏မောင်၊ ဦးမြတ်စိုး-ဒေါ်ခင်စမ်းရီ၊ (ဦးအောင်ကြန်)-ဒေါ်သီတာအေး၊ ဦးပြည်စိုး-(ဒေါ်အေးမြင့်)တို့၏ အစ်ကို၊ တူ/တူမ ၁၇ယောက်တို့၏ ဦးလေးသည် ၁၉-၁၀-၂၀၁၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၄ ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မုဒိတာနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြည်ကြည်ကျော်

**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း) သန်လျင်မြို့**
**အသက်(၈၂)နှစ်**

သန်လျင်မြို့၊ အမှတ် ၂၇၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်နေ (ဦးဘကျော်-ဒေါ်ဒေါင်းခင်)တို့၏သမီး၊ (ဦးစံနီ-ဒေါ်ကြီးမြ)တို့၏သမီးချွေးမ၊ (ဦးကျော်ငြိမ်း)၏ဇနီး၊ ဦးဝင်းမိုးကျော်-ဒေါ်သက်သက်ကျော် (ပြည်ပဆက်သွယ်ရေး)၊ ဦးဟူစီ-ဒေါ်သစ်သစ်ကျော် (Pan orama Hotel) ၊ ဦးအေးနိုင်(မိုးသီးရေသန့်)-ဒေါ်သီတာကျော် (Panorama Hotel)၊ (ဦးကျော်သက်နိုင်)၊ ဦးကျော်သိန်းထိုက် (ခေတ္တ-ကိုရီးယား)တို့၏ ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၃၂၅)၊ မြေကွက်တည်နေရာအမှတ် (၃၂၅)၊ (၄၀) ရပ်ကွက်၊ ဒဂုံမြောက် ဦးအောင်ကြည် AA-၁၀၂၈၁၅ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကြည်ကွယ်လွန်သဖြင့် ဒေါ်မူမူလွင် ၁၂/ကမတ(နိုင်)၀၂၀၈၅၄ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ GP (၂၄၇၆၁/၁၄)၉-၉-၂၀၁၄ ဖြင့် ဒေါ်ဟေမာန်ဆောင်းနှင်းဦး ၇/ပခန(နိုင်)၂၆၆၇၈၁မှ ကိုယ်စားလှယ်ရယူ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၆၂၅)၊ မြေကွက်တည်နေရာအမှတ် (၆၂၅)၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက် ဦးမျိုးသန့် (RGN-၀၂၂၆၉၀) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမျိုးသန့် ကွယ်လွန်သဖြင့် ဒေါ်စောမြ ၁၂/လသန(နိုင်)၀၁၃၈၇၂က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၆၇၄/၁၄ (၁-၈-၂၀၁၄)ဖြင့် ဦးညီညီသန့် ၁၂/ကမရ(နိုင်)၀၄၇၂၁၄ မှ ကိုယ်စားလှယ်စာရယူ၍ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရားဒါယကာကြီး**

## ဦးသိန်း

**အသက်(၇၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နေ (ဦးအောင်ခင်-ဒေါ်အုန်းညွန့်)တို့၏တစ်ဦးတည်းသောသား၊ မန္တလေးမြို့နေ (ဦးချစ်)-ဒေါ်ဝင်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၆နေ ဒေါ်ခင်မြင့်ရီ(ခ)ဒေါ်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုအေးမြင့်(ခ)ကိုအောင်အောင် (Komy Tour/Myanmar Sky Co.,Ltd., Tour Operation manager)-မတင်မိုးခိုင်၊ ကိုတင်အောင်သိန်း(ခ)ကိုညီညီ-မနွဲ့နွဲ့ယဉ်(ခ)မတူးမာ၊ ကိုတင်အောင်ငြိမ်း(ခ)ကိုငြိမ်းငြိမ်း-မချိုချိုထွန်း(ခ)မချောစု၊ (ကိုဝင်းမြင့်သိန်း)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဟိန်းထက်ဇော်၊ မောင်သော်ဇင်ငြိမ်း၊ မချိုဇင်ငြိမ်း၊ မစုမြတ်နိုင်၊ မသက်နှင်းစု၊ မအိသဉ္ဇာအောင်တို့၏ ဘိုးဘိုးကြီးသည် ၁၉-၁၀-၂၀၁၄ ရက် နံနက် ၁၀း၃၀ နာရီတွင် ရွှေဗဟိုရ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမောင်ယု(မြိတ်)

**Great Myanmar Island Co.,Ltd. (ကြိမ်လုပ်ငန်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆ ရပ်ကွက်၊ မြသိင်္ဂါလမ်း၊ အမှတ် ၇၉၈ နှင့် ကျွန်းစုမြို့နယ်၊ မရွှေဥကျေးရွာနေ (ဦးရွှေကျင်-ဒေါ်ငွေမုံ)တို့၏သား၊ ဦးကြည်ရှိန်၏ညီ၊ ဦးစံသိန်း၊ ဦးရေကြည်၊ (ဦးသောင်းကြည်)၊ ဦးအေးသန်း၊ ဦးတင့်လွင်တို့၏အစ်ကို၊ ဦးသန်းငွေး-ဒေါ်တင်နွယ်၊ ဦးခင်အောင်-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးဝင်းကို-ဒေါ်ဝင်းဝင်းကြည်)၊ ဦးသန်းစိုး (Great Myanmar Island Co.,Ltd.၊ ကြိမ်လုပ်ငန်း)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်သောင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၁၀-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁၁း၅၀ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တော်၊ မီဒန်တာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၂/ခ ကံဘဲ့၊ မြေကွက်အမှတ်-၁၄/ဗ၁၊ မြေကွက်တည်နေရာအမှတ်-၄၆၊ မဉ္ဇူလမ်းသွယ်(၁)၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ဦးကြည်ထျန်) အမည်ပေါက် မြေပိုင်-လ/န-၃(ခ)မြေအား အမည်ပေါက်ဖခင် ဦးကြည်ထျန် မြို့မြေစာရင်းတွင် မှတ်ပုံတင်အမှတ်(မပါပါ) ကွယ်လွန်နှင့် မိခင်ဖြစ်သူဒေါ်သန်းထွေး(ကွယ်လွန်)သဖြင့် (၁) ဦးဝင်းတင် ၁၂/စခန(နိုင်)၀၄၅၁၄၄၊ (၂)ဒေါ်ခင်စောကြည် ၁၂/စခန(နိုင်)၀၄၅၁၄၁၊(၃)ဒေါ်မိမိကြည် ၁၂/စခန(နိုင်)၀၅၃၈၆၂တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ မြေကွက်အမှတ် တ/၂၀၃၊ မြေကွက်တည်နေရာအမှတ် (တ/၂၀၃) (၄၁)ရပ်ကွက်၊ ဒဂုံမြောက် ဦးရှိန်ဝင်း ၁၂/ဒဂန(နိုင်)၀၂၁၇၇၆ နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရှိန်ဝင်းထံမှ အရောင်းအဝယ်စာချုပ် ၈၅/၀၄(၁၉-၁-၀၄) ဖြင့် ဒေါ်စမ်းစမ်းသင်း တရားရုံး (ကိုယ်စား) ဘိလစ်ဒေါ်မင်းမင်းကြိုင် ၉/ခမစ (နိုင်) ၀၀၄၆၂၁ တရားမကြီးမှုအမှတ် ၁၈၂/၁၄ (၉-၅-၁၄)နှင့် တရားမဇာရီမှုအမှတ် ၈၂/၁၄(၁-၈-၁၄) တို့တင်ပြ၍ စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

